ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (6-1-2008) (၅၅၅၄)

အတ္တသမ္မာ ပဏိဓိစ
တေံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် အမျိုးသားပရဆေးဥယျာဉ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် (National Herbal Park) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် အဆိုပါဥယျာဉ်ရှိ မင်္ဂလာမုခ်ဦးနေရာ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က (National Herbal Park) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"စာပေသည် အက္ခရာစာလုံးဖြင့် အခိုင်အမာတင်အပ်သော သဘောရှိသဖြင့် ဖတ်ရှုသူတို့ နှစ်သက်သလိုရေရှည် စိမ့်ဝင်တတ်သော သဘောရှိသည်။ ဤသည်မှာ စာပေရသက ပေးတတ်သော ဩဇာအစွမ်းဖြစ်သည်။"

မောင်ဆုရှင်၏ **"စာပန်းပွင့်တဲ့ လရာသီ"** (ဆောင်းပါး)

စာမျက်နှာ-၃

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် သက်တမ်းနှစ်(၁၀၀)ကျော်ရှိကာ ရန်ကုန်မြို့၏ ကျက်သရေဆောင် အပန်းဖြေအနားယူရာနေရာဖြစ်သည်။ ရုံးပိတ်ရက်များတွင် အထူးဖျော်ဖြေရေးအစီအစဉ်များလည်း ပြသလျက်ရှိသည်။

ဝင်းနိုင်(ကြေးမုံ)၏ (သတင်းဆောင်းပါး)

စာမျက်နှာ-၉

ကြေးမုံ The Mirror သတင်းဆောင်းပါးအညွှန်း



ထူးခြားသည့် ညအပူချိန်များ

၅-၁-၂၀၀၈

ဟားခါး	-	(-၂) ဒီဂရီစင်တီဂရိတ်
လွိုင်လင်	-	(၂) ဒီဂရီစင်တီဂရိတ်
ပင်လောင်း	-	(၅) ဒီဂရီစင်တီဂရိတ်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၁-၂၀၀၈
(တနင်္ဂနွေနေ့)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည်နှင့်အညီ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့သည် ယနေ့ကာလတိုင် တည်တံ့ခိုင်ခံ့နေဆဲဖြစ်သည်။

နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်း၊ ရှေးဟောင်းမြို့တော်များ တူးဖော်သုတေသနပြုခြင်း၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာ၊ ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်သည်။

ရှေးမြန်မာမင်းများ၏ နန်းတော်ကြီးများကို သမိုင်းအထောက်အထား ကမ္ပည်းကျောက်စာများအရ ရှေးမူဟန်မပျက် ဖော်ထုတ်ပြီး ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ကြီး၊ ရွှေဘိုမြို့ရှိ ရွှေဘုံရတနာမင်္ဂလာနန်းတော်ကြီးနှင့် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးတို့ကို ပြန်လည်တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ မူလနန်းတော်ရာကို ရှေးဟောင်းသုတေသန ပညာရှင်များက တူးဖော်သုတေသနပြုခဲ့ကြသည်။ ယင်းသို့ တူးဖော်ရရှိခဲ့သည့် ပန္နက်အထောက်အထားများ၊ နံရံဆေးရေး ပန်းချီများ၊ ပုဂံခေတ်ဗိသုကာလက်ရာများပေါ်တွင် အခြေခံ၍ မြန်မာမှုဗိသုကာပညာရှင်များက ပုဂံရွှေနန်းတော်ကြီးကို တည်ဆောက်ခဲ့သည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာရာဇသိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို ဇန်နဝါရီလ ၂ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ပုဂံခေတ်မူဟန်အတိုင်း ပြန်လည်ဖော်ထုတ် တည်ဆောက်နိုင်ခဲ့သည့် ပုဂံ ရွှေနန်းတော်ကြီးသည် ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာမြောက် လက်ရာများနှင့်အတူ ခံ့ညားထယ်ဝါစွာ ရပ်တည်လျက်ရှိသည့်အပြင် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုနှင့် ဇာတိမာန်ထက်သန်မှုတို့ကို ဖော်ညွှန်းပြသလျက် ရှိပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးဟန်-ဒေါ်ကျင်မြိုင်၊ ဦးကျင်လှိုင်-ဒေါ်ခင်ညွန့်တို့အားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ အထက်လမ်းနေ ဦးအောင်ကြီး-ဒေါ်တင်တင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်စာရိတ္တာသီရိ(Ph.D) (Thesis) (ဗုဒ္ဓဂယာ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား အကြိမ်(၃၀)မြောက် ဆီမီး ၉၀၀၀ ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀ အဖွဲ့၏ အကြိမ်(၃၀)မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ရင်ပြင်တော်၌ ကျင်းပသည်။

ထို့နောက် ဇန်နဝါရီ ၁ရက် နံနက် ၃နာရီတွင် ပရိတ်တော်များရွတ်ဖတ်ပူဇော်ခြင်း၊ ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀ အဖွဲ့ နာယကဆရာတော် ဘဒ္ဒန္တနန္တိယ ကြီးမှူးသည့် သံဃာတော်များက ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား အနေကဇာတင်ခြင်း၊ ဆီမီး၊ ရေချမ်း၊ မေမြို့ပန်းအဖြူ ၉၀၀၀ စီနှင့် သစ်သီးပွဲ ၁၀၈ပွဲတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၆ နာရီခွဲတွင် သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူခြင်း၊ နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းကပ်လှူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူရန်အတွက် အလှူငွေကျပ် ၁၄၀၀၀၀၀၊ ရေသွယ်တန်းရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ လျှပ်စစ်မီးပူဇော်ရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ ဆီမီး ၉၀၀၀ ဓမ္မာရုံကြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်သုံးသိန်း၊ ရင်ပြင်တော်ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်နှစ်သိန်း၊ ကျိုက်ထီးရိုးတောင်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းအတွက် သင်္ကန်းဒွိစုံ ၅၆စုံ၊ ဆန်၊ ဆီ၊ ကုလားပဲ၊ နဝကမ္မ အလှူငွေတို့အတွက် အလှူငွေများနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကရင်ဒုံးယိမ်းအဖွဲ့မှ ကပြဖျော်ဖြေခြင်း၊ ပရိတ်တော်များရွတ်ဖတ်ပူဇော်ခြင်းနှင့် ညနေ ၆ နာရီတွင် ဆီမီး၊ နံ့သာတိုင်၊ ရောင်စုံလျှပ်စစ်မီး ၉၀၀၀ စီတို့ကို ထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျင်းပ

အကြိမ် (၃၀)မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ် ရင်ပြင်တော်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေး အခမ်းအနားသို့ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဇန်နဝါရီ ၄ ရက်က သီရိဇေယျနော်ရထာခန်းမ၌ ဖတ်ကြားစဉ်။ (မြို့နယ်စာနယ်ဇင်း)

သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယသည် ပြာသိုလပြည့်ကျော် ၃ ရက်မှ ၉ ရက်ထိ ရွာတန်းရှည်ရွာကြာအင်းအုပ်စု ထန်းတပင်မြို့နယ်၌လည်းကောင်း၊ ပြာသိုလပြည့်ကျော် ၁၃ ရက်မှ တပို့တွဲလဆန်း ၅ ရက်ထိ အဖွဲ့ခွဲ(၃၀၂) အောင်သိဒ္ဓိကျောင်း မဲပလီကျေးရွာ ထန်းတပင်မြို့နယ် ရန်ကုန်တိုင်း၌လည်းကောင်း၊ တပို့တွဲလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက်ထိ မွေတော်ကျေးရွာ မြောင်းမြမြို့နယ်၌လည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်ထိ ဓမ္မိကာရာမ ပိဋကတ်ကျောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ဧရာဝတီတိုင်း၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၌ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့်အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)တို့က ကြီးမှူးကျင်းပခဲ့သည့် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားသက်ကြီးတန်း၌ ပထမရရှိခဲ့သောတံခွန်စိုက်ဆုဒိုင်းကိုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရွှေဝင်းထံ ပြိုင်ပွဲဝင် ကျောင်းသားများက ပြန်လည်အပ်နှံစဉ်။ (၃၁၄)

လသာမြို့နယ် အထက (၂)ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က တိုင်းအဆင့် ဘက်စုံထူးချွန်ဆုနှင့် မြို့နယ်အဆင့်ပညာရည်ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

သင့်သွေးဖြင့် အသက်ကယ်ပါ

စာပန်းပွင့်တဲ့ လရာသီ

မောင်ဆုရှင်

နတ်တော်လကို မြန်မာနိုင်ငံ၌ စာဆိုလအဖြစ် အသိအမှတ်ပြုထားကြသည်။ ရှေးခေတ် အစဉ်အလာကိုယူ၍ ခေတ်သစ်တွင် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်သည်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၄ ခုနှစ်က ဖြစ်သဖြင့် နှစ်ပေါင်း ၆၀ ကျော်မျှရှိခဲ့ပြီ။ သတ်မှတ်ရန် ရွေးချယ်ခဲ့စဉ်က စာဆိုပညာရှင် တစ်ဦးတစ်ယောက်အတွက်ကို မရည်ရွယ်ဘဲ စာပြုခြင်း၊ စာဆိုခြင်း၊ စာရေးခြင်း ဟူသော စာပေလုပ်ငန်းကြီးကို အခြေပြု၍ သတ်မှတ်ခဲ့ကြသည်။ ထိုအစဉ်အလာသည် ခိုင်မြဲသော မြန်မာ့လူမှုဓလေ့ (Institution) တစ်ရပ်အဖြစ် ခိုင်မြဲလာခဲ့ပြီဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် နတ်တော်ဆန်းသော ရာသီကို စာပန်းပွင့်သော လရာသီဟု ဆိုရပါမည်။ ဆိုနိုင်ရန် အကြောင်းများလည်း ယခုအခါ များပြားလုံလောက်နေပါသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၃ ရက်နေ့က နေပြည်တော်တွင် အမျိုးသားစာပေဆုပေးပွဲကို သိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်အတွက် စာပေရာသီကို ပွဲဦးထွက်ခဲ့ခြင်း ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ခန်းမဆောင်တွင် ကျင်းပသော ဆုနှင်းပွဲသို့ တစ်သက်တာစာပေဆု ချီးမြှင့်ခံရသူ အပါအဝင် ဆုရသူ ၃၇ ဦး တက်ရောက်၍ ဆုလက်ခံသည်။ နိုင်ငံတော်အဆင့် ချီးမြှင့်သောပွဲဖြစ်၍ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တက်ရောက်အားပေး ချီးမြှင့်သည်။ စာပေဆုငွေများလည်း ယခုနှစ်အတွက် တိုးမြှင့်၍ ချီးမြှင့်ပါသည်။

ဆုရာသီ စင်တော်အဖွင့်၌ စာပေလောကကို စည်ကားဖွံ့ဖြိုးကြွယ်ဝစေမည့် စာပေဆုပေးပွဲများ ဆက်တိုက်ဆိုသလို လာချေဦးမည်။ ထို့အတူ နောက်ထပ် စာပေဆုဆွတ်ခူးသူများလည်း ပေါ်ထွက်လာဦးမည်။ တစ်ကြိမ်ဆွတ်ခူးသူ၊ အကြိမ်ကြိမ်ဆွတ်ခူးနိုင်သူတို့ကို စာပေပရိသတ်က နှစ်အလိုက် တွေ့ကြရမည်။ စာဆိုရာသီ၌ ပွင့်လန်းဦးမည့် ဆုများတွင်ပြည်သူတို့ကဏ္ဍမှ ပါဝင်ချီးမြှင့်သော ဆုများပါဝင်လာသဖြင့် ရေးသူတို့အတွက်အားတက်ရသည်။ စာဖတ်သူတို့အတွက်လည်း နှစ်သိမ့်ကြည်နူးကြရမည်သာဖြစ်သည်။ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် အားပေးသူများ များပြားလာခြင်းပင်ဖြစ်သည်။ နိုင်ငံတကာသို့ မြန်မာစာပေ ထိုးဖောက်နိုင်ရေးအတွက် လမ်းသစ်ဖွင့်လိုသူတို့လည်း တိုးပွားလာဖို့ ရှိပေမည်။

နောက်ထပ်ပေါ်ထွက်မည့် စာပေဆုများမှာလည်း မြန်မာစာပေ အကျိုးကိုရည်၍ တာထွက်ခဲ့ကြခြင်းပင်။

ထိုဆုများအနက် ပခုက္ကူဦးအုံးဖေ၏ စာပေဆုမှာ (၁၄)ကြိမ်မျှရှိတော့မည်။ ၁၉၉၃ခုနှစ်က ချီးမြှင့်ခဲ့ခြင်းဖြစ်၍ ဆုရစာမူပေါင်း ၁၈၆အုပ်ရှိခဲ့ပြီ။ မူလအလှူရှင် ဦးအုံးဖေ၏ အသက် ၇၆နှစ် အရွယ်မှစ၍ နိုင်ငံတော်သို့ ဆုအတွက် ရန်ပုံငွေလွှဲအပ်ခဲ့ရာ ဆုများကို နှစ်စဉ်ချီးမြှင့်ပြီးနောက် ဦးအုံးဖေသည်ပင် အသက် (၉၀) အရွယ်သို့ ရောက်ခဲ့ပြီ။ ထိုကာလအတွင်း၌ ဦးအုံးဖေကိုယ်တိုင် ကလောင်ရှင်တစ်ဦးအဖြစ် နာမည်ရခဲ့သည်။ ထိုသို့ လှူဒါန်းပြီးနောက်ပိုင်း စာပေဆုအလှူရှင်၏ လူမှုရေးအလှူများအနက် ပခုက္ကူမြို့နှင့် သူ့ဇာတိနှင့် ပဝတ္တိဖြစ်သော ကျေးရွာများတွင် စာကြည့်တိုက်သုံးခုကို တည်ဆောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ပခုက္ကူစာပေစင်မြင့်မှ စာပေလောကသို့ ဝင်ရောက်ခွင့်ရခဲ့သော ကလောင်ရှင်များလည်း ရှိခဲ့ပေသည်။

ပခုက္ကူစာပေဆုတည်ထောင်စဉ်က စတင်ချီးမြှင့်ခဲ့သော တစ်သက်တာဆုများတွင် ဆရာသုခ၊ ဆရာမောင်ထင်၊ ဆရာရန်အောင်၊ ဆရာတက်တိုး၊ ဆရာဒဂုန်တာရာနှင့် ဆရာပါရဂူ အပါအဝင် စာပေပညာရှင် ၁၇ ဦးကို ချီးမြှင့်နိုင်ခဲ့သည်။

ဆုသက်တမ်းဝါစဉ်အားဖြင့် နောက်ထပ်ဆုတစ်မျိုးကို ဖော်ပြရလျှင် "ဆရာဝန်တင်ရွှေစာပေဆု" ဖြစ်၏။ လာမည့် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲမှာ (၆)ကြိမ်မြောက် ဆုပေးခြင်းဖြစ်လိမ့်မည်။ "ဆရာဝန်တင်ရွှေဆု" ကို ၁၉၉၁ ခုနှစ်တွင် ဆရာဝန်တင်ရွှေ ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးသန့်နှင့် သားသမီးတစ်စုက ဆရာတည်ထောင်ခဲ့သော "တင်ရွှေစာပေ"ကို ဆက်ခံလျက် ဆရာအား အမှတ်တရ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က တင်ရွှေစာပေအတွက် ဆုရွေးချယ်ရေးလုပ်ငန်းကို ကူညီသည်။ ယခုအခါ ၂၀၀၂ခုနှစ်မှစ၍ ဆရာဝန်တင်ရွှေမိသားစုက ချီးမြှင့်ခဲ့သော ဆုများတွင် မြန်မာဘာသာ စာအုပ် ၁၁ အုပ်၊ အင်္ဂလိပ်ဘာသာ စာအုပ်သုံးအုပ်တို့ကို ဆုချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုဆု၏ နောက်ပိုင်း စာပေသဒ္ဒါထက်သန်၍ ချီးမြှင့်ခဲ့သော စာပေလုပ်ငန်းအဖွဲ့အစည်းမှာ သုတစွယ်စုံစာပေတိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာ ခင်မိုးမိုးတို့ ဖြစ်သည်။ **"သုတစွယ်စုံ"**အမည်ကို လူထုပါးစပ်ဖျားတွင် စတင်သုံးစွဲပြီး အောင်မြင် လာခဲ့သော ဤတိုက်သည် ၂၀၀၃ ခုနှစ်မှစ၍ သုတစွယ်စုံ စာပေဆုကို ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်အတွက် ဆုပေးပွဲပါနှင့်ဆိုလျှင် တတိယအကြိမ် မြောက်ပေတော့မည်။ သုတစွယ်စုံစာပေဆုမှ စာအုပ်ဆု ဆွတ်ခူးသူပေါင်း ၁၀ ဦးရှိခဲ့ပြီ။ သုတစာပေဆုတွင်လည်း တစ်သက်တာစာပေဆုဟု သတ်မှတ်၍ ပုဂ္ဂိုလ်နှစ်ဦးကို ချီးမြှင့်ပြီးဖြစ်သည်။ ထိုနှစ်ဦးမှာ ဆရာသိပ္ပံမျိုးတင်နှင့် ဆရာပါရဂူတို့ဖြစ်သည်။

စာပန်းပွင့်ရန် ကျန်ရှိနေသေးသော ဆုများအနက် ၂၀၀၆ ခုနှစ်အတွက် မကြာမီ ဆုပေးပွဲကျင်းပမည့် "ထွန်းဖောင်ဒေးရှင်းစာပေဆု" မှာ ဒုတိယနှစ်သက်တမ်းသို့ ရောက်ပြီဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း၏ စေတနာနှင့် ထောက်ပံ့အားကြောင့် လက်ရှိအားဖြင့် ဆုဘာသာရပ်အမျိုးအမည် ရှစ်မျိုး သတ်မှတ်ထားသည်။ ဆုတစ်မျိုးလျှင် စာအုပ်ဆု၊ စာမူဆုနှင့် အင်္ဂလိပ်ဘာသာဆုဟူ၍ သုံးမျိုးသတ်မှတ်ထားရာ စာပေလက်ရာရှင်များအနက် သတ်မှတ်ထားသော ဆုဘာသာရပ်အားလုံးကို ရွေးချယ်နိုင်လျှင် ဆုပေါင်း ၂၄ ဆုအထိ ချီးမြှင့်နိုင်မည်ဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း စာပေဆုများကို ၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေသော စာအုပ်များနှင့် ယှဉ်ပြိုင်သော စာမူများအနက်မှ စာအုပ်ဆု ရှစ်ဆု၊ စာမူဆုနှစ်ဆုတို့ကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်ဆုများကိုလည်း ရွေးချယ်ပြီးကြောင်း ကြားသိရသည်။

ထွန်းဖောင်ဒေးရှင်းဆုတွင် စာအုပ်ဆု၌ ဆုငွေနှင့်အတူ ရွှေတံဆိပ်တစ်ခုစီ ချီးမြှင့်သည်။ စာမူဆုအတွက် ဆုငွေကိုသာ ခံစားခွင့်ရှိ၏။ ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီသည် စာအုပ်နှင့်စာမူများ ပြိုင်ပွဲဝင်ခြင်းကိုလည်း လက်ခံသည်။ ပြီးခဲ့သော တစ်နှစ်အတွင်းက ထုတ်ဝေသော မြန်မာနိုင်ငံသားများ ရေးသားသည့် စာအုပ်များမှလည်း ချမှတ်ထားသော စည်းကမ်းနှင့်ညှိနှိုင်းလျက် ထိုက်သင့်သည်ဟု ရွေးချယ်ရေးကော်မတီက ယူဆသောစာအုပ်များရှိပါက ရွေးချယ်ချီးမြှင့်သည်။

ဤသို့ဖြင့် မျက်မှောက်ခေတ် မြန်မာစာပေတွင် **ဝိုင်အမ်ဘီအေ စာပေဆု၊ သစ္စဝါဒီဆု၊ နဂါးနီအသင်းဆု၊ မြန်မာနိုင်ငံ သုတေသန အသင်းဆု၊ စာရေးဆရာအသင်းဆု၊ စာပေဗိမာန်ဆု** စသည်တို့မှ စခဲ့သော စာပေပညာရှင်၊ ကလောင်ရှင်တို့အား ဂုဏ်ပြုအားပေးသော အစဉ်အလာသည် ပြတ်လပ်သည်ဟု မဆိုနိုင်ဘဲ **"နိုင်ငံကျော် ပြည်သူမှာ"** ဟု ဆိုရလောက်သည့် စုစည်းမှုဖြင့် ပြည်သူတို့အတွင်း ထွန်းကားမှုတစ်ရပ်ပင်ဖြစ်သည်။ မြို့နယ်ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် စာဖတ်သူတို့ကိုယ်စား ရွေးချယ်ချီးမြှင့်သော ဆုများလည်း ကြိုးကြားရှိပေသေးသည်။

စာပေရေးသားမှုကိစ္စကို ယေဘုယျကြည့်လျှင် ဆုပေးခြင်း၊ ဆုရခြင်း သဘောမှာ ဆုအတွက် သတ်မှတ်ချက်များနှင့် တိုက်ရိုက်စပ်ဆိုင်သည်။ လူကြိုက်များမှု၊ ပေါ်ပင်ဖြစ်မှု စသည်တို့နှင့် တစ်စိတ်တစ်ပိုင်းဆိုင်သည်။ စာဖတ်သူတို့၏ လိုအင်ဖြစ်စေ၊ သို့တည်းမဟုတ် အခြေအနေ အချိန်အခါ၏ လိုအင်နှင့်လည်း စပ်ဆိုင်နေပါသည်။ အဓိကမှတ်ကျောက်မှာ အများအကျိုးဖြစ်စေနိုင်သော အားထုတ်မှုလက်ရာမြောက် မမြောက်နှင့်လည်းဆိုင်သည်ဟု ဆိုရပါမည်။ စာပေသည် အက္ခရာစာလုံးဖြင့် အခိုင်အမာ တင်အပ်သော သဘောရှိသဖြင့် ဖတ်ရှုသူတို့ နှစ်သက်သလို ရေရှည်စိမ့်ဝင်တတ်သော သဘောရှိသည်။ ဤသည်မှာ စာပေရသက ပေးတတ်သော ဩဇာအစွမ်းဖြစ်သည်။

စာရေးသူတို့အဖို့ ဦးစွာရရှိအပ်သော ကျေနပ်မှုမှာ မိမိရေးသားလိုသော စာတစ်ပုဒ်၊ စာတစ်အုပ် ပြီးမြောက်သွားခြင်းက ပဓာနဖြစ်သည်ဟု တွေးမိပါသည်။ သို့သော် ပုထုဇဉ်တို့ဘာဝ အသိအမှတ်ပြုခံရခြင်း ရှိလျှင်လည်း နှစ်သိမ့်ဝမ်းမြောက်ရသည်သာ ဖြစ်သည်။ ယခုခေတ်တွင် စာပေရေးသားမှုကို ဘဝလုပ်ငန်းအဖြစ် သက်မွေးဝမ်းကျောင်းပြုသူအများစုတို့အဖို့မှာကား လုပ်ငန်း၏အောင်မြင်မှုပင် ဖြစ်သည်။

စာရေးသူတို့၌ အတတ်ပညာ ရှိအပ်သလို ကျင့်ဝတ်နီတိများ ရှိအပ်ပါသည်။ စာရေးခြင်းသည် လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဝါသနာဘာဂီမျိုးအဖြစ်ခံယူ၍ ရွေးချယ်လိုက်စားကြသည်များလည်း ရှိသည်။ သို့ရာတွင် သုတရသစာပေရေးသူတို့၌ သွက်လက်စွာ ရေးသား ထုတ်လုပ်ကျင့် လိုအပ်သော်လည်း ရေးသမျှ၊ ခံစားသမျှ၊ ဆန္ဒရှိသမျှတို့ကို အတင့်အတယ်ဖြစ်စေရန်၊ နားဝင်စေရန်၊ မလိုသော အကျိုးတရား မပေါ်ပေါက်စေရန် စောင့်စည်းတတ်ရသည့် ထုံးအစဉ်အလာလည်း ရှိရမြဲဖြစ်ပါသည်။

စာပန်းပွင့်သော ဤရာသီတွင် ဆက်တိုက် ကျရောက်သော လွတ်လပ်ရေးပွဲ၊ ပြည်ထောင်စုပွဲတို့က စာပေ၏ ရေသောက်မြစ်ကို ဖော်ညွှန်းပေးကြလိမ့်မည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာအုပ်ဈေးပွဲတော်တစ်ရပ်ကို ကျင်းပလျက်ရှိသည်။ နယ်များ၌ စာပေဟောပြောပွဲများ စနစ်တကျ ကျင်းပနေသည်။ စာပန်းပွင့်သော လရာသီကို စာပေချစ်သူတို့က ကာလတိုးချဲ့ ဆင်နွှဲလျက်ရှိရာ ဓနုရာသီ နတ်တော်လမှ မကာရရာသီ ပြာသိုနှင့် ကုံရာသီ တပို့တွဲတို့ကို ကျော်လျက် မိန်ရာသီတပေါင်းအထိပင် စာပေသဘင် နှစ်စဉ် ကျင်းပနေကြသည်။ နိုင်ငံ၌ စာပေဆုများ ပွားများလာသလို စာရေးခြင်းအတတ်ပညာနှင့် စာပေရေးသားမှုတို့ကိုလည်း ဆယ့်နှစ်ရာသီ ပွားများအပ်သည်ဟု စာပန်းရဂုံတွင် အခါသင့် အခွင့်ကြုံသမျှ မွေ့လျော်လိုစိတ်ဖြင့် တွေးမိပါသည်။ ။

သီတဂူကြယ်တစ်ပွင့် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၅

မန္တလေးတိုင်း ပြည်ကြီးတံခွန်–တံခွန်တိုင် – တမာတန်း – ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၅ ရက်၌ ၁၁ လမ်း၊ ၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်၊ ၁၆ရက်ညည်၌အင်းဝလမ်း၊ကျောက်မြောင်း ရန်ကုန်၊ ၁၇ ရက်ညည်၌ အောင်သုခကျောင်း ရန်ကင်းရပ်–မုံရွာ၊ ၁၈ ရက်(ဆည်းဆာ)၌ မဟာဇိနလာဘံ ၂၂လမ်း၊ မန္တလေး၊ ၎င်းညည်၌ အနိုပ်တော်ရပ်နန်းရှေ့ မန္တလေး၊ ၁၉ ရက်ညည်၌ ဇေယျမင်္ဂလာကျောင်း၊ အုတ်ကျင်းရပ်၊ လှိုင်၊ ရန်ကုန်၊ ၂၀ ရက်(ဆည်းဆာ)၌ ရွှေမင်းဝံရွာ၊ ကျောက်ဆည်မြို့နယ်၊ ၎င်းညည်၌ တဘက်ဆွဲရွာ စဉ့်ကိုင်မြို့နယ်၊ ၂၁ ရက်ညည်၌ ၅၆ လမ်း၊ စစ/၅ အောင်ပင်လယ် မန္တလေး၊ ၂၂ရက်(ဆည်းဆာ)၌ရွှေစည်းခုံဘုရား မုံရွာ၊ (၎င်းည)၌ ညောင်ပင်စောက် မုံရွာ၊ ၂၃ ရက်ညည်၌ ဖြူဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၄ရက်(ဆည်းဆာ)၌ နွားလှရွာ မကွေးမြို့၊ (၎င်းည)၌ ဖြူဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၅ နှင့် ၂၆ရက်ညည်၌ ရွှေနဒီအလှူ ကျောက်ပန်းတောင်းမြို့၊ ၂၇နှင့် ၂၈ ရက်ညည်၌ ကျိုက်မရောမြို့ မွန်ပြည်နယ်၊ ၂၉ ရက်(ဆည်းဆာ)၌ ဟင်္သာတ အတွင်း ပတ္တမြားကျောင်း၊ သာကေတ ရန်ကုန်၊ (၎င်းည)၌ ဦးဖိုးထူးလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်၊ ၃၀ ရက်ညည်၌ သီလဝါ ဆိပ်ကမ်း သန်လျင်မြို့၊ ၃၁ ရက်(ဆည်းဆာ)၌ကြီးပွားရေးဓမ္မာရုံတာမွေ၊ (၎င်းည)၌ ဗိုလ်တထောင် ရန်ကုန်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ချောင်းဆုံမြို့ မွန်ပြည်နယ်၊ ၅ ရက်ညည်၌ ခေမာကျောင်းလမ်း မြောက်ဥက္ကလာ၊ ရန်ကုန်၊ ၆ ရက် (ဆည်းဆာ)၌ ၃၇ လမ်း အလယ်ဘလောက် ရန်ကုန်၊ (၎င်းည ၇ နာရီ)၌ သရက်တောရပ် ကြည့်မြင်တိုင် ရန်ကုန်၊ ၎င်းည ၈ နာရီခွဲ၌ မာလာမြိုင် ၈ လမ်း ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်နှင့် ၇ ရက်ညည်၌ မိုးသောက်ရွာ ဆားတောင်တိုက်နယ် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အားကစားပြိုင်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအနေဖြင့် ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၊ ၈၊ ၁၅၊ ၂၂ ရက်တို့တွင် ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ – အဖွဲ့ဝင်များ ဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးစိုးဦးနှင့် ဦးညီထွန်း၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။**(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က လှည်းကူးမြို့နယ် ဆာဘူးတောင်းကျေးရွာအုပ်စုနှင့် ကဒစ်ကျေးရွာအုပ်စုတို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် **(ဝဲပုံ)** က လက်မှတ်ရေးထိုးပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင် နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(လဝက)

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အခြေခံပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် ၁/၂၀၀၈ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံဝန်ထမ်းများအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၈၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ် ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၄၅)**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

(ယမန်နေ့မှအဆက်)

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်(အဆက်)

၂၁။ ဘဒ္ဒန္တကဝိဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဇဟိုကျောင်း၊ အန်းတားသာသနာပြုဌာန၊ အန်းတားရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း
၂၂။ ဘဒ္ဒန္တအာလောက၊ ကံစွယ်ကျောင်းတိုက်၊ အလည်ချိုင်းအရှေ့ရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း
၂၃။ ဘဒ္ဒန္တစန္ဒာဝရ၊ စက်ဦးကျောင်းတိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၄။ ဘဒ္ဒန္တဇိနာလင်္ကာရ၊ ဝိဇ္ဇာသီရိကျောင်း၊ စံပယ်တောကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း
၂၅။ ဘဒ္ဒန္တသောဘိတ၊ ရွှေကျင်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း
၂၆။ ဘဒ္ဒန္တနန္ဒာစရိယ၊ ခွေးသေထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန၊ ခွေးသေကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်
၂၇။ ဘဒ္ဒန္တမေဓာနန္ဒ၊ ပုညသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၈။ ဘဒ္ဒန္တနရိန္ဒ၊ တိုင်းရင်းသားလူမျိုးစု လူငယ်ဖွံ့ဖြိုးရေး ပရဟိတကန်ဦးကျောင်း၊ အမှတ်(၉)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း
၂၉။ ဘဒ္ဒန္တကူနန္ဒက၊ ဓမ္မိဿရကျောင်း၊ အာသာဝတီတိုက်၊ ၂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၃၀။ ဘဒ္ဒန္တဝိစိန္တ၊ ဟိုနမ္မာထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မန်မန်ဆိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၃၁။ ဘဒ္ဒန္တပညာဇောတ၊ ရှုခင်းသာထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ပန်လုံဒေသ၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၃၂။ ဘဒ္ဒန္တဝိမလ၊ ထပ်စွမ်စိုင့်ဟိုနမ့်တောရကျောင်း၊ မိုင်းလင်း (အနောက်)၊ တာလေမြို့၊ တာချီလိတ်ခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၃၃။ ဘဒ္ဒန္တနရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ဆုံ(၂)ရွာ၊ ကက်ထိုက်အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၃၄။ ဘဒ္ဒန္တသုနန္ဒ၊ ရတနာပုံဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်
၃၅။ ဘဒ္ဒန္တသူရိယ၊ ရွှေတောင်တန်း ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၃၆။ ဘဒ္ဒန္တဝိစိတ္တသာရ၊ လန်းကောသာသနာပြုကျောင်း၊ လန်းကောကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်
၃၇။ ဘဒ္ဒန္တတိက္ခဉာဏ၊ ကိုင်းချောင်းပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း
၃၈။ ဘဒ္ဒန္တသြဘာသ၊ အသောကာရာမကျောင်းတိုက်၊ ကန့်ကော်ကန်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်း
၃၉။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မင်္ဂလာ ရွှေကျင်ကျောင်းတိုက်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၄၀။ ဒေါ်သုတဝတီ၊ ချမ်းမြေ့မဥ္ဇူရီသီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်း၊ ဝက်ကုန်းကျေးရွာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်
၄၁။ ဒေါ်ဇဝနစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဇဟိုသီလရှင်ကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ စစ်ကိုင်းတိုင်း

လူပုဂ္ဂိုလ်

၄၂။ ဦးတင်ငွေ၊ (၃/၁၁)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသာသန၊ ဒက္ခိဏာရာမဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မင်းတန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း
၂။ ဘဒ္ဒန္တပညာစာရ၊ ကံယုံကျောင်းတိုက်၊ မောင်းမကန်ရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း
၃။ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မဂုဏ်ရည်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၄။ ဘဒ္ဒန္တကူနန္ဒာစရိယ၊ ဒီပါရုံအောင်ဓမ္မရိပ်သာကျောင်းတိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၅။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဝေဘူကျောင်းတိုက်၊ ဖောင်ရွာရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း
၆။ ဘဒ္ဒန္တဉာဏ၊ မင်းကွန်းတောရကျောင်းတိုက်၊ အမှတ်(၃၉)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၇။ ဘဒ္ဒန္တဇောတိက၊ အိမ်တော်ရာတိုက်၊ ရွှေတီကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း
၈။ ဘဒ္ဒန္တကစ္စာယန၊ ဓမ္မရိပ်သာကျောင်းတိုက်၊ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာရိပ်သာ၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၉။ ဘဒ္ဒန္တသာသန၊ မဟာစည်တိုက်ခွဲ၊ ကံဦးသာသနာ့ရိပ်သာ၊ အမှတ်(၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ မဟာစည်သာသနာ့ရိပ်သာ၊ အောင်နန်းရိပ်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသောဘဏ၊ ကြောင်ပန်းဓမ္မာရုံကျောင်းတိုက်၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃။ ဘဒ္ဒန္တကူနန္ဒာသဖ၊ ရန်အောင်စည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ခင်ဦးမြို့၊ စစ်ကိုင်းတိုင်း
၄။ ဘဒ္ဒန္တဝရဉာဏ၊ မင်းရပ်ချောင် ပဋိပတ္တိသာသနာ့ရိပ်သာ၊ မင်းရပ်ရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း
၅။ ဘဒ္ဒန္တကလျာဏ၊ မိုးညှင်းဝိပဿနာသပြေစမ်းကျောင်းတိုက်၊ သပြေစမ်း(၁၈)ရပ်ကွက်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း
၆။ ဘဒ္ဒန္တကဥ္စနသာရ၊ မန်းကျောင်းတိုက်၊ ရွာသစ်(၄)ရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း
၇။ ဘဒ္ဒန္တဓမ္မသာမိ၊ ညောင်ပင်သာကျောင်းတိုက်၊ ညောင်ပင်သာကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၈။ ဘဒ္ဒန္တဋေယျဓမ္မ၊ သာသနာ့မဥ္ဇူမဟာစည်ရိပ်သာ၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း
၉။ ဘဒ္ဒန္တကေသရိန္ဒ၊ ဖားအောက်တောရရိပ်သာကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၀။ ဘဒ္ဒန္တဝံသ၊ ဝမ်းတော်ပြည့်ပရိယတ္တိ/ပဋိပတ္တိ သာသနာပြုကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၁၁။ ဘဒ္ဒန္တကူနန္ဒက၊ မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ၊ တရားတော်ပြန့်ပွားရေးဌာနချုပ်၊ ရွှေလင်းယုန်ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၁၂။ ဘဒ္ဒန္တဉာဏောဘာသ၊ ရွှေနံ့သာပရိယတ္တိမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း
၁၃။ ဘဒ္ဒန္တသူရိယ၊ မဟာစည်သာသနာ့ရိပ်သာကမ္မဋ္ဌာန်းကျောင်း၊ နမ့်တီးကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၁၄။ ဘဒ္ဒန္တကူနန္ဒာစက္က၊ နိဂြောဓာရုံသာသနာ့ရိပ်သာ၊ ရွှေတောင်မှော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒဝံသ၊ ဓမ္မရိပ်သာကျောင်းတိုက်၊ ကနက်သီရိကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း
၂။ ဘဒ္ဒန္တပညာသာမိ၊ အောင်ချမ်းသာမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၊ ပေါင်းတလည်အုပ်စု၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၃။ ဘဒ္ဒန္တဓမ္မပါလ၊ ကျောင်းကြီးကျောင်းတိုက်၊ ကသစ်ကန်ရွာ၊ အောင်လံမြို့နယ်၊ မကွေးတိုင်း
၄။ ဘဒ္ဒန္တနန္ဒိယ၊ တလရော့(ဒ)ဓမ္မရိပ်သာကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၅။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရုံသီရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာယာရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း
၆။ ဘဒ္ဒန္တဒေဝိန္ဒ၊ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်၊ (၁၀)ရပ်ကွက်၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၇။ ဘဒ္ဒန္တသောဘန၊ သာသနာ့မာန်အောင် သထုံမူလမင်းကွန်း ဇေတဝန်မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ နားခန်ကျေးရွာ၊ မိုးနဲမြို့၊ ရှမ်းပြည်နယ်
၈။ ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမ္ဘမ်ဘုရားကြီး လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ လိပ်ဥကုန်းကျောင်းတိုက်၊ ၁၈ ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးနိုင်ဦး(မိဘရိပ်)၊ အမှတ်(၁)လှော်ကားလမ်း၊ ၂၀/(က)ရပ်ကွက်၊ ဒဂုံတောင်ပိုင်း၊ ရန်ကုန်တိုင်း
၂။ ဦးဘိုကြီး၊ အမှတ်(၇၂)၊ ရေတာရှည်လမ်းဟောင်း၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃။ ဦးစိုးဟန်လင်း၊ အမှတ်(၂၀၉)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ၉ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း
၄။ ဦးညွန့်ငွေ၊ အမှတ်(၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၅။ ဦးဇော်မင်းဇင်၊ အမှတ်–၁၃၅(အေ)၊ သံလွင်လမ်း၊ ၁၀ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း
၆။ ဦးခင်မြင့်၊ စံရွှေးတန်းလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်)

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ညိုညို၊ တိုက်အမှတ်(၁၂)၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၂။ ဒေါ်ဒေါ်ကျင်၊ အမှတ်(၁၆၀–၁၆၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
၃။ ဒေါ်ခင်နန်းမွန်၊ အမှတ်(၉)၊ အနော်ရထာလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၄။ ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည်၊ အမှတ်(၅)၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း
၅။ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊အမှတ်–၂၉၁(အေ)၊အေးချမ်းသာယာလမ်း၊ အေးချမ်းသဇင်မြိုင်ဂေဟာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၆။ ဒေါ်ခင်မိမိလှိုင်၊ အမှတ်–၆၃(ဒီ)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးကြည်လွင်၊ အမှတ်–၁၂၈၊ ၇၈/၃၇ လမ်းထောင့်၊ မျက်ပါးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၂။ ဦးဘခန့်၊ ရွှေစင်မေစတိုး၊ အမှတ်(၆၅)၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃။ ဦးတင်ဝင်း၊ အမှတ်(၈၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ရင်ကြွေ၊ ငွေရတနာပန်းအထည်တိုက်၊ သရက်တောရပ်ကွက်၊ ရန်ကုန်–ပြည်လမ်း၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်)
၂။ ဒေါ်မြင့်မြင့်၊ မြတ်ကျော်စက်မှု၊ ၅၁–လမ်း၊ စက်မှုဇုန်(၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၃။ ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၂၁/၂၈)၊ ၈၉–လမ်း၊ ၂၂/၂၃လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၄။ ဒေါ်မြသိန်း(ခ) ဒေါ်အမာစိန်၊ အခန်း(၂၇)၊ တိုက်(၁၅)၊ ဦးဝိစာရအိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၅။ ဒေါ်သန်းသန်းစိန်၊ အမှတ်–၈(က)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘိုကြီး(ခ) ဦးအောင်ငွေ၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း
၂။ ဦးတင်အောင်၊ အမှတ်–၈၇၀(အီး)၊ ကျောင်းလမ်း၊ ၁၀–မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၃။ ဦးအောင်မွန်၊ အခန်း–၂၀၃၊ ဒုတိယထပ်၊ တိုက်(၂)၊ ၈–ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း

သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ဆွေသဇင်၊ အမှတ်(၃)၊ လမ်း–၃၀၊ ၇၀/၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၂။ ဒေါ်နုနုငယ်၊ အမှတ်(၁၄–အေ)၊ မြရတနာလမ်း၊ ၁၆–ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘမြင့်၊ အမှတ်(၁)ရပ်ကွက်၊ ရတနာရပ်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်း
၂။ ဒေါက်တာ အောင်လွင်၊ အမှတ်–၁၄၁၊ ဗိုလ်မှူးဗထူးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၃။ ဦးသိန်းရွှေ၊ မြို့မဘူတာလမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်)
၄။ ဦးခင်မောင်၊ အမှတ် ၁၀၇၊ ကဥ္စနမဟီရပ်ကွက်၊ လမ်း–၃၀၊ ၇၉/၈၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၅။ ဦးဝင်းမောင်၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း
၆။ ဦးကျော်ဝင်း၊ သစ္စာစေတနာရိပ်မွန်၊ အမှတ်–၆၅၃/၁၆၊ ရှမ်းပွဲ၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၇။ ဦးသိန်းအောင်၊ ရွှေပြည်ရန်လုံရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း
၈။ ဦးခင်မောင်လှ (ခ) ဦးဝင်းထိုက်၊ ၂၂၄/၃၂လမ်း၊ ၈၃/၈၄လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၉။ ဦးယဉ်လှအောင်၊ အမှတ်(၃၂)၊ စောမဲကျိလမ်း၊ သာယာကုန်း(၁)ရပ်ကွက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်
၁၀။ ဦးအောင်ဒင်၊ အမှတ်–၁၈၃၊ (အေ/ဘီ)၊ ရတနာပုံ(၂)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၁၁။ ဦးချစ်မောင်၊ အမှတ်–၄၇၆၊ ၄–လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၁၂။ ဦးချစ်အေး၊ အမှတ်(၁၂၀)၊ ဘုန်းကြီးလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း
၁၃။ ဦးမောင်မောင်၊ အမှတ်(၁၂၂)၊ ၂၂–လမ်း၊ ၆–ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း
၁၄။ ဦးထွန်းရှိန်၊ အမှတ်(၈၂)၊ ဒဂုံသီရိလမ်း၊ အထက်ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း
၁၅။ ဦးဝင်းအောင်၊ အမှတ်–၂၇(ဒီ)၊ အောင်ဇေယျလမ်း၊ ရွှေတောင်ကြား(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၆။ ဒေါက်တာဦးစိုးမြင့်၊ အမှတ်(၉)၊ မဏိမေခလာလမ်း၊ မန်ကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၄ မှအဆက်

၁၇။ ဒေါက်တာမောင်မောင်ဦး၊ အမှတ်(၂၇၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈-လမ်းထောင့်၊ အာရှပလာဇာ၊ ၆ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း
၁၈။ ဦးထိန်ဝင်း၊ အမှတ်(၁၁၄၁)၊ အောင်သုခ-၂၁ လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း
၁၉။ ဦးအာဝါး(ခ)ဦးထွန်းဝင်း၊ အမှတ် ၂၇၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၀။ ဦးသက်နိုင်၊ အခန်း(၃)၊ တိုက်(စီ)၊ ရွှေငုဝါလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း
၂၁။ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူ၊ အမှတ်(၃၄၂/က)၊ ဦးမောင်မောင်စိုးလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၂။ ဦးမောင်လေး၊ တိုက်အမှတ်(၅/ဂ)၊ ဗိုလ်ချုပ်လမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့)
၂၃။ ဦးကျင်ဟန်၊ အမှတ်(၃)၊ မင်းရဲကျော်စွာလမ်း၊ ရဃက(၆)ရပ်ကွက်၊ ပုသိမ်အနောက်မြို့နယ်၊ ဧရာဝတီတိုင်း
၂၄။ ဦးသိန်းမောင်၊ အမှတ်(၅)၊ ရတနာပုံလမ်း၊ မြို့မ(၂)ရပ်ကွက်၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း

သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်ထွေး(ခ)ဒေါ်နွယ်နွယ်အေး၊ အမှတ်-၃၇၅၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်နော်ဖောဖော၊ အတွင်းမဲကနယ်ကျေးရွာ၊ အမှတ်(၁၃၁-ခ)၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၃။ ဒေါ်ကျင်ဌေး၊ ထိန်ငူသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၄။ ဒေါ်သိန်းရင်၊ အမှတ်(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း(အနောက်)
၅။ ဒေါ်ခင်သန်း၊ စံချိန်မှီစက်နို့ဆီ၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်)
၆။ ဒေါ်မြအေး၊ စံရွှေးတန်းလမ်း၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်)
၇။ ဒေါက်တာနီလာသိန်း၊ အမှတ်-စီ(၂)၊ (၃၄၆)၊ ကန်သာ ၁၄ လမ်း၊ မကွေးမြို့၊ မကွေးတိုင်း
၈။ ဒေါ်ချစ်ချစ်၊ အမှတ်-၈၃၊ မီးခြစ်စက်လမ်း၊ ၁၉/၂၀ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၉။ ဒေါ်လဆိုင်း(ခ)ဒေါ်အမာ၊ အမှတ်(စ/၃၅)၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း
၁၀။ ဒေါ်ရင်ရင်၊ အမှတ်(၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
၁၁။ ဒေါ်ခင်အုန်းရီ၊ အမှတ်(၁၉၆)၊ ၃၀ လမ်း၊ ၈၂/၈၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၂။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ (၉)လမ်း၊ ၇၆/၇၇ ကြား၊ လှည်းတန်းရပ်၊ အကွက်(၃၃)၊ အမရဌာနီအရှေ့၊ စံခေါင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၃။ ဒေါ်ခင်သန်းဌေး၊ အမှတ်(၁၁၀)၊ ၃၃/၃၄ ကြား၊ ၈၅ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၄။ ဒေါ်မြစန္ဒာဝင်း၊ အမှတ်-၃၁၊ ၂၅ လမ်း၊ ၈၁/၈၂ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၅။ ဒေါ်စိန်စိန်၊ အမှတ်(၉)၊ အင်းလျားရိပ်သာလမ်း၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၆။ ဒေါ်ဝင်းကြည်၊ အမှတ်(၉၉-အက်ဖ်)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၇။ ဒေါ်ယဉ်ယဉ်နု၊ အမှတ်(၄၉)၊ အုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၈။ ဒေါ်ခင်ခင်စိန်၊ အမှတ်-၂၅(အီး)၊ စိန်ဂေဟာ၊ သီရိမင်္ဂလာရိပ်သာ၊ အမှတ်(၇)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၉။ ဒေါ်မြမြ၊ နဲ့သမိန်စံပြကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၀။ ဒေါ်မာမာ၊ အမှတ်-၁၉၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၁။ ဒေါ်မေသန်းနွယ်၊ အမှတ်(၂၈၈-၂၉၀)၊ မြေညီထပ်၊ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း
၂၂။ ဒေါက်တာမြင့်ရွှေဇင်၊ အမှတ်-၈၉၉၊ ကျောင်းလမ်း၊ (၇)ရပ်ကွက်၊ ၁၀မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၂၃။ ဒေါ်နန်းဖူး၊ အမှတ်-၂၅၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၄။ ဒေါ်စိန်ထွေး၊ အမှတ်-၅၁၉၊ ဥယျာဉ်လမ်းသွယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၅။ ဒေါ်လှဲ့လှဲ့ဝင်း(ခ)ဒေါ်ခင်လှဲ့လှဲ့ဝင်း၊ အမှတ်-၂၇(က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၂၆။ ဒေါ်ခင်ဆွေဦး၊ တိုက်(၁)၊အခန်း(၅/၆)၊ ပြည်ထောင်စုလမ်း၊ ၂၆-ရပ်ကွက်၊ မြို့ဦးရိပ်မွန်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၇။ ဒေါ်အိကေသွယ်မင်း၊ အမှတ်(၂)၊ မဟာဓေယျာလမ်း၊ ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း
၂၈။ ဒေါ်စန္ဒာဝင်း၊ အမှတ်-၁၅၄၊ ၁၉လမ်း(အပေါ်လမ်း)၊ ၄-ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း
၂၉။ ဒေါ်ကြင်မြိုင်၊ အမှတ်-၁၀၃၊ မြဂေဟာဦးဘချိုလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း
၃၀။ ဒေါ်ခင်စိန်(ခ)ဒေါ်ရွှေစိန်၊ အမှတ်-၁၆၊ ၁၄-လမ်း၊ မြို့မ(၇)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း
၃၁။ ဒေါ်မြင့်မြင့်၊ အမှတ်-၂၀၊ ၆-လမ်း၊ ၉-ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

အမိန့်အရ-

(ပုံ)

သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ၏ အစ်မတော် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ် (၉၄)ရှိ ထိုင်းနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ၏ အစ်မတော် Her Royal Highness Princess Galayani Vadhana Krom Luang Naradhiwas Rajanagrindra အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ အစ်မတော်အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အာစရိယ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာ အမက(၁)၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက်တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးရှိ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများ ဦးဇော်ဦး အမှတ်(၄၂) ပါရမီလမ်း တောင်ဥက္ကလာပနှင့် ကိုခင်မောင်ဝင်း (ဝင်းသီတာဓာတ်ပုံဆိုင်) သံဖြူဇရပ်မြို့တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် "စေတနာဖြိုး" အခမဲ့သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော "စေတနာဖြိုး" အခမဲ့သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် "စေတနာဖြိုး" အခမဲ့သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အောင်လံမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဦးတင့်ရွှန်းနှင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင်တို့က အမှာစကားအသီးသီးပြောကြားသည်။

ထို့နောက် အလှူရှင် ၄၇ ဦးတို့က အလှူငွေကျပ် ၉၇၅၀၀၀ ကို ပေးအပ်လှူဒါန်းကြပြီး အသင်း စတင်ဖွဲ့စည်းသည့် ၂၀၀၅/၂၀၀၆/၂၀၀၇ ခုနှစ် သုံးနှစ်အတွင်း ကိုးကြိမ်လှူဒါန်းသည့် သွေးလှူရှင်လေးဦးအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာသူများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဆရာတော် ရှင်ဥတ္တမနှင့် ဦးညွန့်တင်တို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နေ့/ည အချိန်အခါမရွေး သွေးရှာဖွေပေးသူသုံးဦးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်၍ ၂၀၀၇ ခုနှစ်အတွင်း သုံးကြိမ်မြောက် ဆက်တိုက်သွေးလှူဒါန်းသည့် သွေးလှူရှင် ၃၆ ဦးတို့အား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများပေးအပ်ကာ အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၈(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-သံယောဇဉ်**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အုံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၂၃)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **English FA Cup ဘောလုံးပွဲ -Luton Vs Liverpool (Live)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့မှအဆက်)

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးစိန်လင်း၊ တိုင်းတရားသူကြီး၊ တိုင်းတရားရုံး၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ တရားရုံးချုပ်

၂။ ဒေါ်လွင်လွင်အေးကျော်၊ တွဲဖက်ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်)

၃။ ဒေါ်မော်မော်အေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး၊ နေပြည်တော်

၄။ ဦးကျော်ဝင်းဟန်၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၅။ ဦးဝင်း၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၆။ ဦးဇော်မိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၇။ ဦးမြလွင်၊ ဌာနမှူး (စီမံခန့်ခွဲရေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၈။ ဦးထွန်းအောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး

၉။ ကြည်း ၁၆၈၀၉၊ ဒုတိယ ဗိုလ်မှူးကြီး အောင်မော်၊ တပ်ရင်းမှူး အမှတ်(၁၁) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန

၁၀။ ကြည်း ၁၇၀၉၅၊ ဒုတိယဗိုလ်မှူးကြီး အောင်ညွှန့်၊ တပ်ရင်းမှူး၊ အမှတ်(၁) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန

၁၁။ ဦးဝင်းမောင်၊ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၂။ ဦးခွန်အေးနိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၃။ ဦးသိန်းငွေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၄။ ဦးခင်ဇော်(၂)၊ ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၅။ ဦးအေးကျော်၊ ဒုတိယညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၆။ ဦးကိုကိုလွင်၊ စက်ရုံမှူး၊ စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)၊မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၁၇။ ဦးဇော်ဝင်းမောင်၊ စက်ရုံမှူး၊ ရွှေတောင်အဆင့်မြင့်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၈။ ဦးဇေယျ၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၉။ ဦးအုန်းကျော်၊ စက်ရုံမှူး၊အုတ်စက်ရုံအမှတ်(၁)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၀။ ဦးစိုးနီ၊ စက်ရုံမှူး၊ စက်ဘီးစက်ရုံ (ကျောက်ဆည်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၁။ ဒေါ်ညိုယဉ်၊ လက်ထောက်စက်ရုံမှူး (စီမံရေး) ရွှေတောင်အဆင့်မြင့်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၂။ ဦးခင်စိုး၊ စက်ရုံမှူး၊ အလုံအချိုရည်နှင့်ရေခဲစက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၃။ ဦးသန်းဦး၊ စက်ရုံမှူး၊ အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၄။ ဦးညွန့်ဆွေ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၂၅။ ဒေါ်ခင်မမဆွေ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၆။ ဦးသောင်းတင်၊ ညွှန်ကြားရေးမှူး (ရုံးချုပ်) စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၇။ ဦးခင်မောင်သိန်း၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဦးစီး) စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၈။ ဦးမောင်မောင်ခင်၊ ညွှန်ကြားရေးမှူး(ရုံးချုပ်)၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၉။ ဒေါ်သန်းသန်းလင်း၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၃၀။ ဦးငွေချွန်၊ ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၃၁။ ဒေါ်တင်တင်ထွေး ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၃၂။ ဒေါ်မူမူ၊ ညွှန်ကြားရေးမှူး (ငွေစာရင်းဌာန)၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃၃။ ဦးမင်းမင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၄။ ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၅။ ဦးရန်နိုင်ထွန်း၊ ညွှန်ကြားရေးမှူး၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၆။ ဒေါ်ကြည်မာ၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်ညှိနှိုင်းကွပ်ကဲရေးဌာန၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၇။ ဒေါ်အေးမြင့်ဦး၊ လက်ထောက်အထွေထွေမန်နေဂျာ၊ သိုတင်နည်းပညာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၈။ ဦးတင်သက်မိုး၊ စက်ရုံမှူး(ဖွဲနုဆီစက်)၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန

၃၉။ ဒေါ်စန်းရီ၊ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန

၄၀။ ဒေါ်ခင်ချိုထွန်း၊ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၄၁။ ဦးဝင်းတင့်၊ အင်ဂျင်နီယာမှူး (မြို့ပြ)၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)ရန်ကုန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန

၄၂။ ဒေါ်မြင့်မြင့်သိန်း၊ လက်ထောက် အင်ဂျင်နီယာ(မြို့ပြ)၊ မြို့နယ်အင်ဂျင်နီယာရုံး၊ စစ်ကိုင်းမြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန

၄၃။ ဦးဇော်ဝင်းအောင်၊ ဒုတိယအထွေထွေမန်နေဂျာ၊ သမဝါယမ ပို့ကုန်သွင်းကုန် လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

၄၄။ ဦးအောင်မြင့်၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၄၅။ ဦးသက်ဘို၊ ညွှန်ကြားရေးမှူး၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၄၆။ ဦးရဲမြင့်အောင်၊ ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၄၇။ ဦးမျိုးတင့်၊ ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၄၈။ ဦးမြင့်လွင်၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၄၉။ ဦးစိုးပိုင်၊ ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ကောလ်ကတ္တားမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၀။ ဦးမြင့်ဆွေ၊ သံမှူးကြီး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၁။ ဦးဟန်သူ၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၂။ ဦးတင့်ဆွေ၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ပေကျင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၃။ ဦးစိန်ဦး၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၄။ ဦးမြင့်ထွန်း၊ သံမှူးကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၅။ ဦးခင်မောင်လင်း၊ ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၅၆။ ဦးမောင်ဝေ၊ သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၅၇။ ဦးမြင့်စိုး(၁)သံမှူးကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၈။ ဒေါ်လှမျိုးနွယ်၊ သံမှူးကြီး၊ မြန်မာသံရုံး၊ လန်ဒန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၅၉။ ဦးစိုးလှိုင်၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၆၀။ ဦးဝင်းသိမ်း၊ သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၆၁။ ဦးညွန့်ဆွေ၊ သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၆၂။ ဦးကျော်တင်၊ညွှန်ကြားရေးမှူး၊ နိုင်ငံရေးရာဦးစီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာန

၆၃။ ဦးဟောက်ဒိုဆွမ်း၊ညွှန်ကြားရေးမှူး၊နိုင်ငံရေးရာဦးစီးဌာန၊နိုင်ငံခြားရေး ဝန်ကြီးဌာန

၆၄။ ဒေါ်မရန်ဂျာတောင်၊ညွှန်ကြားရေးမှူး၊သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၆၅။ ဒေါ်အေးအေးမူ၊ ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၆၆။ ဒေါ်နွဲ့နွဲ့ရီ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၆၇။ ဦးဝင်းမြင့်၊ သံမှူးကြီး၊ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၆၈။ ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

၆၉။ ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၇၀။ ဦးတင်နု၊ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၇၁။ ဦးဝင်းသိန်း၊ မန်နေဂျာ၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၇၂။ ဦးကြည်ဝင်း၊ မန်နေဂျာ၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၇၃။ လ ၅၇၁၁၆၊ ရဲမှူးကြီးမြင့်ဝေ၊ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၄။ လ ၁၆၄၅၊ ဒုတိယရဲမှူးကြီးမြင့်လွင်၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၅။ လ ၅၉၀၀၅၊ ဒုတိယရဲမှူးကြီးစိုးမြင့်၊ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၆။ ဦးတင်သိန်း၊ (ပ/၄၄၅၇)၊ ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၇။ ဦးတင်ထွဋ်၊ (ပ/၄၄၅၄)၊ ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၈။ ဦးတင်မျိုးအောင်၊ (ပ/၃၇၄၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တန့်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၇၉။ ဦးငွေစန်း၊ (ပ/၃၂၆၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လှိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၀။ ဦးဇော်စိုး၊ (ပ/၃၅၆၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မော်ဘီမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၁။ ဦးမောင်မောင်ခင်၊ (ပ/၃၂၁၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်တန်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန

၈၂။ ဦးလှမ်းမိုးဟန်၊ (ပ/၄၀၃၁)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၃။ ဦးဇော်မင်းဟန်၊ (ပ/၃၉၉၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၄။ ဦးစိုးစိုးသက်၊ (ပ/၄၁၂၉)၊ အုပ်ချုပ်ရေးမှူး၊ ဆင်ဘိုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၅။ ဦးဝင်းမော်၊ (ပ/၄၁၃၅)၊ အုပ်ချုပ်ရေးမှူး၊ လွယ်ဂျယ်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၆။ ဦးခိုင်မင်းကို၊ (ပ/၄၀၈၈)၊ အုပ်ချုပ်ရေးမှူး၊ ဟိုပင်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၇။ ဦးဌေးအောင်၊ (ပ/၃၉၃၂)၊ အုပ်ချုပ်ရေးမှူး၊ ပလောက်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၈။ ဦးအောင်မိုး၊ (ပ/၄၁၈၉)၊ အုပ်ချုပ်ရေးမှူး၊ ခမောက်ကြီးမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၈၉။ ဦးကျော်ထင်၊(ပ/၄၀၄၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၀။ ဦးဇော်မင်းနိုင်၊ (ပ/၄၃၉၃)၊ မြို့နယ်ဒုတိယဦးစီးမှူး၊ အိမ်မဲမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာ န၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၁။ ဦးမြင့်ခိုင်၊ (ပ/၄၃၀၆)၊ မြို့နယ်ဒုတိယဦးစီးမှူး၊ မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၂။ ဦးခင်ဇော်၊ (ပ/၃၄၃၆)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရေစကြိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၃။ ဦးခင်မောင်ဦး၊(ပ/၃၅၆၁)၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၄။ ဦးသန်းအောင်၊ (ပ/၃၇၈၄)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၅။ ဦးသန်းကို၊ (ပ/၃၈၄၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၆။ ဦးခင်မောင်မြင့်၊ (ပ/၄၅၈၇)၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးတိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၇။ စ/၀၁၈၉၊ ဦးတင်ထွန်း၊ ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၉၈။ စ/၀၁၉၃၊ ဦးတင့်လွင်ရွှေ၊ ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန

၉၉။ စ/၀၁၁၄၊ ဦးမောင်မောင်ကျော်၊ ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၀၀။ စ/၀၉၆၇၊ ဦးနေဝင်း၊ စုံစမ်းရေးမှူး၊ စစ်ကိုင်းတိုင်းရုံး၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၀၁။ က/၂၂၂၂၊ ဦးဇော်အုန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၀၂။ က/၃၄၀၁၊ ဦးမျိုးဦး၊ ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန

၁၀၃။ က/၃၀၇၂၊ ဦးခင်ဇော်၊ ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန

၁၀၄။ က/၂၉၅၀၊ ဦးကျော်စိုး၊ ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန

၁၀၅။ ဦးတင်စိန်၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန

၁၀၆။ ဦးရဲဝင်း၊ ညွှန်ကြားရေးမှူး(စက်မှု)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေး ဝန်ကြီးဌာန

၁၀၇။ ဦးစိန်တိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၊ ပြန်ကြားရေးဝန်ကြီးဌာန

၁၀၈။ ဦးမောင်မောင်အေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ ပြန်ကြားရေး ဝန်ကြီးဌာန

၁၀၉။ ဦးကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ပြန်ကြားရေး ဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်

(နေပြည်တော်) ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၅

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပိုက်ကျော်ခြင်းပြိုင်ကွင်း၌ကျင်းပသည့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် (နေပြည်တော်)ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်းများမှ တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ပြိုင်ပွဲ ပွဲစဉ်အရ တတိယနေရာလုပွဲကို ကျင်းပရာအားကစားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာအားကစားဝန်ကြီးဌာနအသင်းက နှစ်ပွဲတစ်ပွဲဖြင့်အနိုင်ရရှိသွားသည်။

ထို့နောက် ဗိုလ်လုပွဲ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကျော်စိုးမြင့်က တတိယဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းအား ငွေသားဆု ငွေကျပ်တစ်သိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းအား ငွေသားဆုငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းအားငွေသားဆုငွေ ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ကာ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အနိုင်းမဲ့မီး"တရားတော် (အပိုင်း-၂) (ဆရာတော်အရှင်ဆန္ဒာဓိက)
၇း၅၀-၁း၅၀	Soccer Update
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	Sunday Talk [မျိုးမြတ်သူ၊ကိုကို (စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန)]
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	Activities In The City
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	လူသို့ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်)
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	ထင်ရှားဖူးမြော်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	"တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ)
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	Euro Goals
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	မြန်မာ့ဂုဏ်ဒြပ်ထွန်းတောက်စေသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြိုင်ပွဲ
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Burnley-Arsenal	Star Sports(Live)
၁၀း၃၀	Luton-Liverpool	Star Sports(Live)
၁၂း၃၀	Stoke-Newcastle	Star Sports(Live)

သာသနာဒီပ သဲအင်းဂူ(၅)ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌တွင် အထူးအဓိဋ္ဌာန် ငါးရက်တရားစခန်းပွဲကို ဇန်နဝါရီ ၈ရက်မှ ၁၂ရက်ထိ (ပြာသိုလဆန်း ၁ရက်မှ ၅ရက်ထိ) မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ(သာသနာဒီပ)၊ ဦးဝိရိယ (၆)ဝိုင်း ဆရာတော်ကြီးတို့က ဟောကြားပြသမည်ဖြစ်ပြီး တရားအားထုတ်လိုသူများသည် ဇန်နဝါရီ ၇ရက် ညနေ ၅နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့်တကွ လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ လှူဒါန်းလိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်သည်ဟုသိရသည်။ (၂၃)

အလေးပြုဖို့ ချီတက်စို့

☆ နိုင်ငံတော် ဘေးမသန်း
အေးချမ်းလို့သာယာ။
ဖွံ့ဖြိုးအောင် ပြည်ချစ်သားတို့
ကြိုးစားခဲ့ပါ။
ကြည့်လိုက်ပါ ပြည်မြန်မာ
စည်သာတဲ့ ရှုခင်း။
လမ်းတံတား အဖုံဖုံနဲ့
ပန်းများအင်ငုံနဲ့
နေအရုဏ် ရွှေမှုန်လူစ်တယ်
ဒို့ခေတ်မြင်ကွင်း။
☆ တာတမံ ဆည်မြောင်းနဲ့
ကန်ချောင်းတို့ ပြည့်လျှံကြည်။
မိုးခေါင်စေ ရေမရှားအောင်
အားဖြည့်ခဲ့ပြီ။
ပုထိုး ဘုရားစေတီ
မွေသရီ ရွှေရည်ဖိတ်။
အမျိုးဘာသာနဲ့
သာသနာအရောင်လင်းပါလို့
ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့
ဆောင်နှင်းကာ အားသွန်မပြတ်တယ်
မွန်မြတ်တဲ့စိတ်။
☆ သွေးချင်းတွေ လာကြကွယ့်
သားချင်းတွေ လာကြကွယ့်
ထာဝရ တွဲလက်ညီ။
ကိုယ့်တိုင်းပြည် ကိုယ့်အင်အား
ကိုးစားယုံကြည်။
လွတ်လပ်ရေး ကျောက်တိုင်ဆီ
သွားမည်ကွယ့် မနေး။
☆ "ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"
အရေးသုံးပါး အခြေတည်မှ
ဒို့ရွှေပြည် ဘေးမသန်းပါဘဲ
အေးချမ်းစွာ ဘက်စုံတိုးမယ်လို့
မြတ်နိုးဖွယ် အတွေးစုနဲ့
အလေးပြုစို့လေး။ ။

စိုးမိုး(ပုသိမ်)

နှစ်(၆၀) ပြည့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရွှေမြန်မာအငြိမ့် ကပြဖျော်ဖြေတင်ဆက်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်) ရွှေမြန်မာအငြိမ့် ကပြဖျော်ဖြေတင်ဆက်မှုကို ယနေ့ည ၇ နာရီခွဲတွင် နေပြည်တော် ဘော်လီဘော အားကစားကွင်း၌ ကျင်းပသည်။

အစီအစဉ်အရ ရွှာစားကျော်ဆန်းဝင်းဆိုင်းအဖွဲ့က ဧည့်ခံပဏာမဂီတသံဖြင့် ဖျော်ဖြေပြီး ဘုရားကန်တော့ခန်းဖြင့် စတင်ကပြတင်ဆက်သည်။ ထို့နောက် "ကြိုဆိုဖိတ်ခေါ်နေပြည်တော်" သီချင်းကို အနုပညာရှင်များက စုပေါင်းသီဆိုပြီး တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ရွှေ့ထွက်မင်းသမီးဝါဝါလှိုင်က ကောင်းသောရက်၊ အောင်တေးသံ၊ အဖျက်သမားရန်တို့တွန်းလှန် အငြိမ့်သီချင်းတို့ဖြင့် လည်းကောင်း၊ အလယ်ထွက် မင်းသမီး စန်းနီလာဝင်းက အလင်္ကာတေး၊ ဖြောသံ၊ အနုပညာအမွေ အငြိမ့်သီချင်းတို့ဖြင့်လည်းကောင်း၊ ခေါင်းဆောင်မင်းသမီး ရွှေတံဆိပ် ၁၇ ဆုပိုင်ရှင် ခိုင်သဇင်သင်းက ရွှေမှုပိုင်၊ ကျွန်မခိုင်သဇင်သင်း၊ ကသောလက်နှင့် နှုတ်ဆက်မယ် အငြိမ့်သီချင်းတို့ဖြင့် လည်းကောင်း၊ ခေါင်းဆောင်မင်းသား ထာဝရနိုင်မင်းနှင့်အဖွဲ့က "ယဉ်ကျေးပျော်ရွှင်နှစ်ပါးခွင်"ဖြင့် လည်းကောင်း ရွှေပွဲလာ ပြည်သူများအား မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေ တင်ဆက်သကဲ့သို့ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ စိုပြေ၊ ချစ်မွှေးနှင့် လူချောတို့ကလည်း စိတ်ရွှင်လန်းပျော်ရွှင်ဖွယ် ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ရှိ ဝန်ထမ်း မိသားစုများ၊ ဒေသခံ ရပ်ကွက်ပြည်သူများက ပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်) ရွှေမြန်မာအငြိမ့်အဖွဲ့ နေပြည်တော် ဘော်လီဘော အားကစားကွင်း၌ ပြည်သူလူထုအား ကပြဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

စာအောင်ဆုနှင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ် ၆ ရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၌ (၁၈)ကြိမ်မြောက် အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် စာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကို ဇန်နဝါရီ ၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆုရ စာအောင်ပုဂ္ဂိုလ်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများ ပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ ဒီယာဂျူဒင်အာမက်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူများအတွက် လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်များစွာအတွင်း နက်ရှိုင်းကျယ်ပြန့်သော ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်နိုင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့နှစ်နိုင်ငံသည် ချစ်ကြည်နွေးထွေးသော ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကို ကျယ်ပြန့်လာအောင် ဆက်လက်ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုအပ်ပါကြောင်း၊ ထို့အပြင် အဆွေတော် အသက်ရှည်ကျန်းမာပျော်ရွှင်စွာရှိပြီး မြန်မာနိုင်ငံပြည်သူများလည်း စည်ပင်ဖွံ့ဖြိုးမှုအပေါင်း ခံစားရစေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

စင်ကာပူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာနာသန်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ စင်ကာပူသမ္မတနိုင်ငံပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးတည်တံ့ခဲ့သည့် သမိုင်းအစဉ်အလာရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် အာဆီယံအသိုက်အဝန်း၏ အကျိုးစီးပွားအလို့ငှာ ဆက်လက်လက်တွဲဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ကြောင်း ဖော်ပြသည်။ (ကြေးမုံ)

*** ရှေ့ဖုံးမှ**

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က အမျိုးသား ပရဆေးဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး၊ဝန်ကြီးများနှင့်အဖွဲ့သည် အမျိုးသားပရဆေးဥယျာဉ်အတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုကြရာ သစ်တောရေးရာဝန်ကြီးဌာန ပရဆေးပျိုးဥယျာဉ်သို့ရောက်ရှိပြီး ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါသုံး ပရဆေးပင်များ၊ နမူနာစိုက်ကွက်အတွင်း စိုက်ပျိုးထားရှိသော ပရဆေးပင်များ၊ ကချင်ပြည်နယ်တွင် ပေါက်ရောက်သော ရှားပါးသည့် တိုင်းရင်းပရဆေးပင်များ၊ ဆေးဖက်ဝင် ရှားပါးသည့် အပင်များကိုလည်းကောင်း၊ ပြခန်းတွင် ဝန်ကြီးဌာနက ခင်းကျင်းပြသထားသော ဆေးဖက်ဝင် ရှားပါးပရဆေးပင် အမျိုးအမည်များကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

အဆိုပါအမျိုးသားပရဆေးဥယျာဉ်တွင် သစ်တောရေးရာဝန်ကြီးဌာနက ဝမ်းပျက်၊ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါသုံး ရှားပါးသောဆေးဖက်ဝင်အပင်များ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့အတွင်းရှိ ရှားပါးသော ဆေးဖက်ဝင် အပင်အမျိုးပေါင်း ၂၀၈မျိုး၊ အပင်ပေါင်း ၃၀၆၅ ပင်တို့ စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးဥယျာဉ်သို့ ရောက်ရှိကြပြီး စိုက်ပျိုးထားရှိသော ဆေးဖက်ဝင် ပရဆေးပင်များနှင့် ပြခန်းတွင် ခင်းကျင်းပြသထားသော အပင်ထွက် ပရဆေးပစ္စည်းများ၊ မြေထွက်ပရဆေးပစ္စည်းများနှင့် တိရစ္ဆာန်ထွက် ပရဆေးပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းအမျိုးသားပရဆေးဥယျာဉ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသုံးဆေးပင်များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင် အပင်အမျိုးပေါင်း ၄၂၄မျိုးနှင့် အပင်ပေါင်း ၈၄၂၅ ပင်တို့ စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိသည့် ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံး ဆေးပင်များ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင်အပင်များ မျိုးထိန်းခြင်းနှင့် စိုက်ပျိုးခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အမျိုးသားပရဆေးဥယျာဉ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံးဆေးပင် ၈၇မျိုး၊ အပင်ပေါင်း ၁၃၃၄၀ စိုက်ပျိုးထားရှိပြီး ပရဆေးပင်များ စိုက်ပျိုးခြင်းနှင့် မျိုးထိန်းထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမျိုးသားပရဆေးဥယျာဉ်ကို တိုင်းရင်းသားပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်သည့် ပရဆေးပင်အမျိုးစုံလင်သော နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးဖြစ်လာစေရန်ရည်ရွယ်လျက် နေပြည်တော်-တောင်ညို ကားလမ်းမကြီးဘေး၌ ဧက ၂၀၀ ခန့် ကျယ်ဝန်းသောဥယျာဉ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးဖွံ့ဖြိုးရေးစီမံကိန်းက အဆောက်အအုံများ၊ လမ်းများ၊ ရေကန်များနှင့် ရေရရှိရေးလုပ်ငန်းတို့ကို တည်ဆောက်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံး ဆေးဖက်ဝင် အပင်အမျိုးပေါင်း ၇၁၉ မျိုး၊ အပင်ပေါင်း ၂၄၈၃၁ ပင် စိုက်ပျိုးထားရှိခြင်းနှင့် မျိုးထိန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူများ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှု

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ် အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ရေဒီယို ဒီဂျေမာရသွန်

အီတလီနိုင်ငံသား ဒီဂျေစတီဖာနိုဗင်နရီသည် ၂၀၀၆ခုနှစ်က အီတလီနိုင်ငံ အလက်ဇန္ဒြီးယားမြို့ ရေဒီယိုအစီအစဉ်တစ်ခုတွင် ဒီဂျေဖျော်ဖြေခဲ့ရာ ဧပြီ ၂၆ရက်မှ မေ ၁ရက်အထိ ၁၂၅နာရီ ကြာညောင်းခဲ့ပြီး အချိန်အကြာဆုံး ဒီဂျေဖျော်ဖြေသူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

စန္ဒရားအကြာဆုံးတီးနိုင်သူ

ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံမှ ချားလ်စ်ဘရန်နာဆိုသူသည် စပိန်နိုင်ငံရှိ ဟီလ်တန်ဟိုတယ်၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၉ရက်အထိ ၆၄နာရီကြာ မရပ်မနား စန္ဒရားတီးဖျော်ဖြေခဲ့ပြီး စံချိန်တင်ခဲ့သည်။

မာရသွန်စာသင်သူဆရာ

အိန္ဒိယနိုင်ငံမှ ဆန်ဂျေးခူမားဆင်းဆိုသူသည် အိန္ဒိယနိုင်ငံဘန်ဒရာမြို့ စီးတီးကလပ်၌ တပည့် ၅၉ဦးတို့အား အင်္ဂလိပ်စာသဒ္ဒါသင်ခန်းစာကို ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၃ရက်အထိ ၇၃နာရီ ၃၇မိနစ်ကြာ မနားတမ်း တောက်လျှောက်သင်ကြားခဲ့ရာမှ ကမ္ဘာ့အကြာဆုံး သင်ခန်းစာပို့ချသူအဖြစ် မှတ်တမ်းဝင်သွားသည်။

၂၀၀၅ခုနှစ်မှာပင် အခြားသူနှစ်ဦးကလည်း သင်ခန်းစာအကြာဆုံး ပို့ချသူများအဖြစ် စံချိန်တင်နိုင်အောင် ကြိုးပမ်းခဲ့ကြရာ တရုတ်မှဒေးဗစ် စပက်ချီအို(၇၂နာရီကြာ)နှင့် ပိုလန်မှ တိုမာ့စ်မောက်ဇက် (၆၉နာရီကြာ) တို့ဖြစ်သည်။

ကြေးမုံ The Mirror ထူးခြားဆန်းပြား နိုင်ငံတကာသတင်းများ

ဒရမ်အကြာဆုံးတီးသူ

ဩစတြေးလျနိုင်ငံမှ ဆူရက်ရှ်ဂျူချင်မ်အရူလာနာသမ်ဆိုသူသည် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၄ရက်အထိ ၈၄နာရီကြာ တစ်ဦးတည်း ဒရမ်တီးခဲ့ရာ အချိန်အကြာဆုံး ဒရမ်တီးသူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားသည်။ **(အပေါ်ပုံ)**

ရေဖြူမြို့နယ် ကျောက်တစ်လုံးကျေးရွာအနီးရှိ မီးသွေးဖိုတွင် မီးသွေးဖုတ်သူလင်မယား မီးလောင်သေဆုံးနေမှု စုံစမ်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ရေဖြူမြို့နယ် နတ်ကြီးဝင်ကျေးရွာအုပ်စု ကျောက်တစ်လုံးကျေးရွာနေ ဦးဆာပတိ(၃၃)နှစ်နှင့် မဘိုမ(၃၃)နှစ်တို့ ဇနီးမောင်နှံသည် ကျောက်တစ်လုံးရွာအနောက်ဘက် တစ်မိုင်ကျော်ခန့်အကွာ တောအတွင်း ဒီဇင်ဘာ ၁၇ရက်က မီးသွေးဖုတ်ထားခဲ့ပြီး ဒီဇင်ဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် မီးသွေးဖော်ရန် နေအိမ်မှထွက်သွားရာ နောက်တစ်နေ့အထိ ရွာသို့ပြန်မလာသဖြင့် ရွာသားများက လိုက်လံရှာဖွေကြသည်။ ဒီဇင်ဘာ ၂၉ရက်တွင် ၎င်းတို့၏ မီးသွေးဖောင်းအနီး၌ ဦးဆာပတိနှင့် မဘိုမတို့၏ ဖိနပ်နှင့်ဓားတို့ကို တွေ့ရှိခဲ့ပြီး မီးသွေးဖောင်းအတွင်းတွင် မီးလောင်ကျွမ်းထားသော အရိုးစုများကို တွေ့ရှိကြရသည်။ ၎င်းတို့နှစ်ဦးမှာ မီးသွေးဖော်စဉ် မီးမငြိမ်းသေးသဖြင့် မီးဟပ်ကာ နှစ်ဦးစလုံး လဲကျမီးလောင်ကျွမ်းသေဆုံးခြင်းဖြစ်နိုင်သည်ဟု ယူဆထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဆာပတိနှင့် မဘိုမတို့ သေဆုံးခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ် စစ်ဆေးနိုင်ရန်အတွက် ဒီဇင်ဘာ ၂၉ ရက်တွင် ကံပေါက်ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၇/၂၀၀၇အရ အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ထူးခြားဖြစ်စဉ် သတင်းများ

မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကုန်းနှောကျေးရွာ အမှတ်(၄) ရပ်ကွက်၌ ဇန်နဝါရီ ၂ရက် ည ၈နာရီတွင် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေအိုး(၂)ရပ်ကွက် အပိုင်း(၁) ဘုရားကြီးလမ်း၌ ဇန်နဝါရီ ၃ ရက် ည ၆ နာရီ မိနစ် ၅၀ က မုန့်ဆိုင်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံး ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ပေါင်းသုံးဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၅) တိုးချဲ့ရပ်ကွက်၌ ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီခွဲက ဆိုင်ခန်းတွင် မီးဖိုမီးကြွင်းမီးကျန်မှ စတင်၍ ထရံသို့ မီးကူးစက်လောင်ကျွမ်းမှုကြောင့် ဓနိမိုး၊ ထရံကာ၊ မြေစိုက်ဆိုင်ခန်းရှစ်ခန်းနှင့် ကုန်ပစ္စည်းဂိုဒေါင်နှစ်လုံး မီးလောင်ဆုံးရှုံးပြီး အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၂၆ဦး ပေါင်း ၄၆ဦး မီးဘေးဒုက္ခရောက်၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နေပြည်တော် ရေပန်းဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော် ရေပန်းဥယျာဉ် ဆိုင်းဘုတ်ကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က (Naypyitaw Water Fountain Garden) ဆိုင်းဘုတ်ကို လည်းကောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နေပြည်တော် ရေပန်းဥယျာဉ်မှာ နေပြည်တော်–တောင်ညို ကားလမ်းမကြီးဘေး နေပြည်တော်မြို့တော်ခန်းမအနီး၌ တည်ရှိ၍ ၆၅ ဧကခန့် ကျယ်ဝန်းပြီး ဥယျာဉ်အဝင်မုခ်ဦးကို (Steel Structure) ဖြင့် တည်ဆောက်ထားကာ အမြင့် ၄၈ ပေ၊ အကျယ် ၄၈ ပေရှိသည်။ ရေပန်းဥယျာဉ်အတွင်း ၆ ဧကအကျယ် ရေဂါလန် ၁၅သန်းဆံ့ ပင်မရေကန်ကြီးတစ်ကန်နှင့် ကန်အတွင်း ရေပန်းကြီး သုံးခု၊ ဘဲငန်းကန်နှင့် ရေပန်းကန်ငယ် ၁၁ ကန်တွင် ရေပန်းအလှ ပုံစံမျိုးစုံ ၁၃ ခု၊ အမြင့်ပေ ၃၀ ရှိ လေးဘက်မြင် သံစုံမြည် နန်းမြင့်နာရီစင်၊ မိသားစုအလိုက် အပန်းဖြေနားနေရန်နှင့် ရှုမျှော်ခင်းများ ကြည့်ရှုနိုင်ရန် နားနေဆောင် ကိုးဆောင်၊ ရှုရပ်ပန်းဥယျာဉ်ငယ် နှစ်ခု၊ ကျောက်တုံးဥယျာဉ် နှစ်ခု၊ ၁၀ ပေအကျယ် (Buggy) ကားလမ်းနှင့် လူလျှောက်လမ်းများ ပါဝင်တည်ဆောက်ထားပြီး ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် မည်သူမဆို လာရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ရေပန်းဥယျာဉ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် နေပြည်တော် ရေပန်းဥယျာဉ်တွင် ပြည်သူများ အနားယူ အပန်းဖြေနေကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၁–၂၀၀၈ (တနင်္ဂနွေနေ့)

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	လှပဝင့်ကြွားဖောင်တော်ကြီး ဆိပ်ခံတံတား
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Say It In English.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၁၀	၅။	**မြန်မာရုပ်ရှင် “ငရဲသား” (သီဟတင်စိုး၊ အောင်လွင်၊ ဇင်မာဦး) [ဒါရိုက်တာ–သီဟတင်စိုး]**
၂း၁၅	၆။	တေးဂီတအစီအစဉ်
၂း၃၀	၇။	အစဉ်အလာကောင်းမည့် လှိုင်းချောင်းတမံ
၂း၄၅	၈။	International News.
၃း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Every day Use.
၄း၄၅	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)**
၅း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၅	၆။	တေးဂီတအစီအစဉ်
၅း၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	တေးဂီတအစီအစဉ်
၆း၅၀	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အားမာန်” (အပိုင်း–၂)**
၇း၃၀	၁၂။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု “ပြည်သူ့အားမာန် ဆည်တာတမံ”
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချိုမြိန်သောအချစ်နေ့” (အပိုင်း–၁၀)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းမိသားစု ပျော်ပွဲရွှင်ပွဲများ စည်ကား

သတင်းမှတ်စု – ဝင်းနိုင်(ကြေးမုံ)၊ ဓာတ်ပုံ – သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၅

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံနှင့်အဝန်း လွတ်လပ်ရေးနေ့ အခမ်းအနားများနှင့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေရာဒေသအနှံ့၌ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ပထမအကြိမ် ဝန်ထမ်းမိသားစု ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ကျင်းပရာ ဝန်ထမ်းမိသားစုများ၊ လာရောက် အပန်းဖြေ အနားယူသူများဖြင့် စည်ကားသည်ကို တွေ့ခဲ့ရသည်။

ရှေးဦးစွာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဆင်လိမ္မာလေးများဖြစ်ကြသော အသက်သုံးနှစ်နှင့် ခုနစ်လရှိ မေအုန်းမြင့်နှင့် အသက်နှစ်နှစ်နှင့် ၁၀ လရှိ မေသဲဖြူတို့၏ အပြေးပြိုင်ပွဲကို ကျင်းပရာ မေအုန်းမြင့်က ပထမဆုကို ဆွတ်ခူးသွားပြီး ပန်းသီး၊ ငှက်ပျောသီးနှင့် ကြံများကို ဆုချီးမြှင့်ရာ လာရောက်ကြည့်ရှုသူ ပရိသတ် အကြိုက်တွေ့ကြရပြီး ဆုများကိုလည်း ချီးမြှင့်ကြသည်။ ဆက်လက်၍ ခွေးလိမ္မာ ချစ်စုနှင့် ဂျက်ကီတို့၏ တန်းကျော် အပြေးပြိုင်ပွဲကို ကျင်းပရာ ချစ်စုက ပထမ ရရှိပြီး ဒံပေါက်ဆုကို ဆွတ်ခူးသွားသည်။

ရှားပါးမျိုးစိတ်ဝင် မြန်မာ့ရွှေသမင်များ။

ဆက်လက်၍ ဝန်ထမ်းမိသားစုများ၏ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုး၊ လွန်ဆွဲပွဲ၊ မုန့်စားပြိုင်ပွဲ၊ ကြက်ဥခွန်းကိုက်ပြေးပွဲ၊ ချောတိုင်တက်ပွဲများကို ကျင်းပရာ လာရောက်ကြည့်ရှုသူများဖြင့် အထူးပျော်ရွှင် စည်ကားလျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ထို့ပြင် တိရစ္ဆာန်များ ပျော်ရွှင်စေရန်နှင့် လာရောက်ကြည့်ရှုသူ ပြည်သူများ အမြင်ဆန်းစေရန်အတွက် မျောက်ရှာတွင် မျောက်များအား စိတ်ကြိုက် ဘူဖေးပုံစံဖြင့် ကျွေးမွေးခြင်း၊ ဟိမဝန္တာ ဝက်ဝံများအား အချိုရည်ဘူးများ တိုက်ကျွေးခြင်း၊ ငှက်ကြီးဝံပို ငှက်များအား ငါးစာပစ်ကျွေးခြင်း၊ မျောက်လွှဲကျော်များအား အချိုရည်ဘူး ဖောက်သောက်စေခြင်း၊ မိကျောင်းများအား အစာကျွေးခြင်းတို့ကို တပျော်တပါး ပြုလုပ်ကြသည်။ ထို့ပြင် မြွေများအား လှောင်အိမ်အပြင်ထုတ်၍ သစ်ပင်များပေါ်တွင် လွတ်လပ်စွာ သွားလာစေသည်။ ယုန်၊ ပူး၊ ကူချင်းကြက်၊ စွန်ခေါင်းဖြူ၊ ဝန်လိုငှက်၊ လင်းယုန်၊ ခိုမြီးကော့ဖြူ၊ ကြက်တော၊ ဂျိုးဖြူ၊ဒေါင်း အစရှိသည့် တိရစ္ဆာန်များအား သစ်ပင်များပေါ်နှင့် မြေပြင်ပေါ်တွင် တောထဲမှ သဘာဝအတိုင်း လွတ်လပ်စွာ သွားလာလှုပ်ရှားနေသည်ကို အမြင်ဆန်းစွာ တွေ့ခဲ့ရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကား။

ယုန်၊ ပူး၊ ကြက်တော၊ ဥဒေါင်းတို့အား သဘာဝအတိုင်း လွတ်လပ်စွာ သွားလာနေသည်ကို တွေ့ရစဉ်။

မိသားစုအလိုက် ရင်ခွင်ပိုက်အရွယ် ကလေးများမှသည် သက်ကြီးရွယ်အိုများအထိ အုပ်စုလိုက် လာရောက်၍ ထမင်းဝိုင်းဖွဲ့ စားသောက် အနားယူကြသည်။ အပျော်စီးကား၊ အပျော်စီးဆိုက်ကား၊ ဆင်၊ မြင်း၊ ဘက်ထရီကား၊ မော်တော် စသည်တို့ကို စီး၍ တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု အပန်းဖြေကြသည်။ ဆင်လိမ္မာ ပြပွဲများ ကြည့်ရှုကာ တိရစ္ဆာန်များအား ကြင်နာစွာ အစားအစာကျွေးမွေး၍ လွတ်လပ်ပျော် ရွှင်စွာ နားနေအပန်းဖြေလျက်ရှိရာ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အတွင်း၌ အထူးစည်ကားသည်ကို တွေ့ရသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သည် ကမ္ဘာ့တိရစ္ဆာန်ဥယျာဉ်များ စာရင်းဝင် ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး သက်တမ်းအားဖြင့် နှစ် ၁၀၀ ကျော်ကာ ရန်ကုန်မြို့၏ ကျက်သရေဆောင် အပန်းဖြေ အနားယူရာ နေရာလည်းဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် အထူးဖျော်ဖြေရေး အစီအစဉ်များအဖြစ် ဆင်လိမ္မာကပွဲ၊ မြွေလိမ္မာကပွဲ၊ မျောက်ကပွဲများကို ပြသလျက်ရှိရာ ပြည်သူများ အနေဖြင့် ကြည့်ရှုအပန်းဖြေ နားနေခြင်းဖြင့် စိတ်ပျော်ရွှင်ချမ်းမြေ့မှု ရရှိကြမည်ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။



နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲမစတင်မီ အဖွဲ့လိုက်နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပေးအပ်

ထို့နောက် ညနေပိုင်းတွင် ပြိုင်ပွဲ၌ ဆုရရှိသူများအား ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဆုများ အသီးသီး ပေးအပ် ချီးမြှင့်သည်။

(သတင်းစဉ်)

တည်ဆောက်ဆဲ မဟာစည်မွေ့ဗိမာန်တော်ကြီးအတွက် ကွယ်လွန်သူ ဒေါ်အုန်းကြည် ရှစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ ဒေါ်ခင်အုန်း(အမျိုးသမီး ယောဂီစောင့်ရှောက်ရေး၊ ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ) နှင့် သား ဦးကျော်ဇော၊ ဒေါ်ခင်ဆွေဦး၊ မြေးများ ဒေါက်တာ လင်းထက်ကျော်နှင့် ညီမ မသင်းယုလှိုင် (ဝင်းဝင်းရွှေရတနာဆိုင်၊ ရွှေရည်ဝင်းရတနာဆိုင်) မိသားစုတို့က ငွေကျပ် ၁၆၁ သိန်းကို ဥက္ကဋ္ဌ ဦးဝင်းထိန် (ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ)၊ ဒေါ်ခင်ခင်ထား (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ မဟာစည်သာသနာ့ရိပ်သာ)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်း (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ မဟာစည်သာသနာ့ရိပ်သာ) တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သရက်ဆရာတော် ဘဒ္ဒန္တကုသလ ပြည်ပသာသနာပြုခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် ဇန်နဝါရီ ၅

သရက်မြို့ သာသနာ့အလင်းရောင်စာသင်တိုက် မဟာစည်သာသနရိပ်သာ ပဓာနနာယက၊ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပမဟာစည်ရိပ်သာများ ဆိုင်ရာနာယကနှင့် မဟာစည်နယ်လှည့် ဓမ္မကထိက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ) အရှင်သူမြတ်သည် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၉ရက်မှစ၍ မလေးရှား၊ စင်ကာပူနိုင်ငံတို့သို့ ဓမ္မဒူတသာသနပြု ခရီးကြွရောက်တော်မူပြီး ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူရာ တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း ၀၁–၆၄၄၂၀၀၊ ၀၅၆–၂၂၀၂၁၊ ၀၆၈–၂၁၂၆၅ ဖြင့် ဆရာတော်ထံ ဆက်သွယ် ပင့်လျှောက်နိုင်သည်။ (က–ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန် ဖတ်ကြားစဉ်။ (၆၃)

ပထဝီဝင်မိသားစုများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော တက္ကသိုလ်များပထဝီဝင်ဌာနမှ အသက်(၆၅)နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထဝီဝင်မိသားစုများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်း

အလှူငွေများကိုအရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ရှိ ကော်မတီဝင် ဆရာ၊ ဆရာမများ၊ ဦးချား ဖုန်း–၀၉–၅၀၀–၇၇၁၂၊ ဦးတင်မောင်ညွှန့် ဖုန်း–၀၉–၅၁၇–၃၇၃၈၊ ဒေါ်ခင်သန်းဆွေ ဖုန်း–၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း–၂၂၉၁၇၄၊ ဦးစိန်အောင် ဖုန်း–၅၅၄၉၇၀၊ ဦးမြင့်အေး ဖုန်း–၀၉–၅၀၀–၈၅၃၀၊ ဦးနေအောင် ဖုန်း–၀၉–၅၁၃–၁၈၀၉၊ ဦးဝင်းနိုင်၊ ဖုန်း–၀၉–၅၁၂–၂၉၈၉၊ ဒေါက်တာ နီလာအောင် ဖုန်း–၀၉–၅၁၉–၂၁၃၈၊ ဒေါက်တာမျိုးမျိုးခိုင် ဖုန်း–၀၉–၅၁၃–၇၉၈၂၊ ဒေါ်အေးအေးမောက် ဖုန်း–၅၈၅၀၁၆၊ ဒေါက်တာ ခင်နှင်းဖြူ ဖုန်း–၀၉–၅၁၇–၄၂၂၈၊ ဒေါက်တာ ခင်ခင်ဌေး ဖုန်း–၀၉–၅၁၈–၁၉၆၀၊ ဒေါ်အေးအေးခိုင် ဖုန်း–၀၉–၅၁၈–၆၅၇၃နှင့် ဒေါ်ကြည်ကြည်ဝင်း–ပထဝီဝင်ဌာန ဖုန်း–၅၃၆၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ဖတ်ကြားစဉ်။ (၀၈)

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) (၂၉)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃) လမ်းမကြီးရှိ တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)၌ ဝိပဿနာတရားသုံးပတ် ဟောကြားပြသမည်ဖြစ်သည်။ ပထမပတ် အဓိဋ္ဌာန်ပွဲကို ဇန်နဝါရီ ၁၁ရက်မှ ၁၈ရက် နံနက်အထိ၊ ဒုတိယပတ်ကို ဇန်နဝါရီ ၁၈ရက် ညနေမှ ဇန်နဝါရီ ၂၅ရက်နေ့ နံနက်အထိ၊ တတိယပတ်ကို ဇန်နဝါရီ ၂၅ရက် ညနေမှ ဖေဖော်ဝါရီ ၁ ရက်နေ့ နံနက်ထိ ဟောကြားပြသမည်။

ဆက်သွယ်စာရင်းပေးနိုင်

တရားအားထုတ်လိုကြသော ပုဂ္ဂိုလ်တို့သည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း–၆၃၈၀၈၈ နှင့် အဖွဲ့ဝင်များထံသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ သားကောင်းမိခင်ပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ဒလမြို့နယ် သီရိဇေယျာအနော်ရထာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်များနှင့် ပြိုင်ပွဲဝင် ကလေးမိဘများ တက်ရောက်ကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှထွေးက ဆုရကလေးများအား ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

အကြီးတန်းနှင့် လူသစ်တန်းဘောလုံးပြိုင်ပွဲ ကျောက်တလုံးကြီး နောင်ကားစံပြကျေးရွာ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၇ ခုနှစ် နဝမအကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား လူသစ်တန်း ဘောလုံးပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးနောင်ကားစံပြကျေးရွာ၌ ကျင်းပရာ အားပေးသူ ပရိသတ် များပြားလှသည်။ **(ယာပုံ)**

အကြီးတန်းဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၁၉ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပခဲ့သည်။အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၃၊ ၄ ရက်တွင် ကျင်းပခဲ့ပြီး ဗိုလ်လုပွဲကို ဇန်နဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ လူသစ်တန်း ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်နှင့် ဗိုလ်လုပွဲ ပွဲစဉ်ကို ဇန်နဝါရီ ၆ ရက်၌ ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

တရုတ်နိုင်ငံ စင်ကျန်းပြည်နယ် အူရွမ်ချီမြို့ရှိ ပလာဇာတွင် မီးလောင်နေသည်ကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခရီးသွားလုပ်ငန်း တိုးမြှင့်လုပ်ကိုင်ရေး လေဆိပ်သစ်ခြောက်ခု အိုမန် တည်ဆောက်မည်

အဘူဒါဘီ ဇန်နဝါရီ ၄

အိုမန်နိုင်ငံတွင် ခရီးသွားလုပ်ငန်းကို တိုးမြှင့်လုပ်ကိုင်နိုင်ရန် နိုင်ငံတစ်ဝန်း၌ ဒေသဆိုင်ရာ လေဆိပ်သစ်ခြောက်ခု ဆောက်လုပ်ပြီး နိုင်ငံတကာလေဆိပ် နှစ်ခုကိုလည်း ထပ်မံတိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း ပင်လယ်ကွေ့သတင်းဌာနက ဇန်နဝါရီ ၂ရက်တွင် ပြောကြားသည်။

အိုမန်နိုင်ငံ၏ လေဆိပ်ကွန်ရက်ကို တိုးချဲ့မည့် အစီအစဉ်များအကြောင်းကို ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားစီးပွားရေးနှင့် ကြီးကြပ်ရေးဌာနဝန်ကြီး အာမက်ဘင် အဗ္ဗဒူလာဘီမက်ကီက ပြောကြားခဲ့သည်။

ရေးဆွဲလျက်ရှိ

ဒေသဆိုင်ရာ လေဆိပ်ခြောက်ခု၏ ပုံစံများကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် မူစကတ်နှင့် ဆာလာလက်နိုင်ငံတကာလေဆိပ်နှစ်ခု တိုးချဲ့မည့်အစီအစဉ်ကိုလည်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာလေဆိပ် တိုးချဲ့မည့်ပုံစံကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနဆိုင်ရာ ကော်မတီတို့က ပြန်လည်သုံးသပ်လျက်ရှိသည်ဟု မက်ကီက ဆိုသည်။

လေယာဉ်ပြေးလမ်း တည်ဆောက်ရန် ၂၀၀၈ခုနှစ် ပထမနှစ်ဝက်တွင် ဆောက်လုပ်ရေး တင်ဒါခေါ်ယူမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

အာရပ်ကျွန်းဆွယ် တောင်ဘက်စွန်းပိုင်းရှိ အိုမန်နိုင်ငံသည် သဲချောင်း၊ သဲကန္တာရ၊ ကမ်းခြေနှင့် တောင်တန်းအလှတို့ဖြင့် ကမ္ဘာ့လှည့်ခရီးသည်များကို ဆွဲဆောင်နေသည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြည်ပသို့ တင်ပို့ရောင်းချသည့် စားနပ်ရိက္ခာသီးနှံများ တရုတ်နိုင်ငံက ကန့်သတ်ရောင်းချနေ

ပေကျင်း ဇန်နဝါရီ ၄

တရုတ်နိုင်ငံက ပြည်တွင်းသုံးစွဲမှုအတွက် အာမခံချက် ရရှိစေရန် ဆောင်ရွက်သည့်အနေဖြင့် ပြည်ပသို့ တင်ပို့နေသည့် ဂျုံ၊ ပြောင်းနှင့် ဆန်မှုန့်များကိုယာယီအားဖြင့်ကန့်သတ်ရောင်းချသည့်မူဝါဒ ကျင့်သုံးလျက်ရှိသည်။

နိုင်ငံတကာဈေးနှုန်းများ မြင့်မားမှုကြောင့် သီးနှံဈေးများ မတည်မငြိမ်မဖြစ်စေရန်နှင့် ပြည်တွင်းစားနပ်ရိက္ခာဈေးနှုန်းများ တည်ငြိမ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖော်ပြပါအတိုင်း ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြပါ မူဝါဒကို ကျင့်သုံးမည့်ကာလကို ပြည်တွင်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေများအပေါ် မူတည်၍ ဆုံးဖြတ်လုပ်ကိုင်သွားမည်ဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။ ဝက်သား၊ စားသုံးဆီနှင့် သီးနှံကဲ့သို့သော ပစ္စည်းများ ပြတ်လပ်မှုကြောင့် ပေါ်ပေါက်လာသည့် ဈေးနှုန်းမြင့်မားမှုကို ထိန်းချုပ်ရန် တရုတ်အစိုးရက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရပ်ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့တွင် ပြိုင်ပွဲဝင် ကုလားအုတ်များအား လေ့ကျင့်ပေးနေသည်ကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံရေး ပြည်ပအကဲခတ်အဖွဲ့ ဝေဖန်မှု ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုဟု အစိုးရကပြောကြား

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့အခြေစိုက် ပညာရှင်အဖွဲ့တစ်ဖွဲ့က ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်၍ ဝေဖန်ရာ၌ နိုင်ငံတည်ငြိမ်ရေးအတွက် လက်ရှိသမ္မတပါဗက်ဇ်မူရှာရက်ဖ်အနေဖြင့် ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ဖော်ပြခဲ့သည်။ ထိုဖော်ပြချက်သည် ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်သည်ဟု ပါကစ္စတန်အစိုးရက ပြစ်တင်ပြောကြားသည်။

ဝေဖန်ထုတ်ပြန်သောအဖွဲ့မှာ နိုင်ငံတကာပြဿနာများ လေ့လာရေးအဖွဲ့ဖြစ်သည်။ အထက်ပါဝေဖန်ချက်ကို ယင်းအဖွဲ့ကထုတ်ပြန်သည့် "ဘူတိုလုပ်ကြံခံရမှုနှင့် ပါကစ္စတန်၏အနာဂတ်"ဟူသော စာတမ်းတွင် ဖော်ပြထားသည်။

ထိုအဖွဲ့က ဝေဖန်ချက်ကို ထုတ်ပြန်ခြင်းသည် ပါကစ္စတန်နိုင်ငံ၏ ပကတိအခြေအနေကို နားမလည်ဘဲ ထုတ်ပြန်ခြင်းသာဖြစ်သည်ဟု အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထို့အပြင်ယင်းအဖွဲ့၏ ဝေဖန် ချက်သည် နိုင်ငံရေးတွင် ဝင်ရောက်မြှောက်ပင့်ပေးရာရောက်ပြီး ပါကစ္စတန်နိုင်ငံဥပဒေနှင့်လည်း ဆန့်ကျင်ရာရောက်သဖြင့် အဆိုပါသတင်းမျိုးကို မီဒီယာများအနေဖြင့် ဆင်ဆင်ခြင်ခြင်ကိုင်တွယ်သင့်သည်ဟူ၍ ပြောရေးဆိုခွင့်ရှိသူက သတိပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ဂျီးရီးယားရှိ ရေနံမြို့တော်ကို စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်

ပို့ဟာကုတ် (နိုင်ဂျီးရီးယား) ဇန်နဝါရီ ၄

စစ်သွေးကြွများဟု သင်္ကာမကင်းဖြစ်ရသူများက နိုင်ဂျီးရီးယားနိုင်ငံမှ ရေနံမြို့တော်ပို့ဟာကုတ်ရှိရဲစခန်းနှစ်ခု၊ ဇိမ်ခံဟိုတယ်တစ်ခုနှင့် ညကပွဲရုံတစ်ခုတို့ကို အင်္ဂါနေ့က တိုက်ခိုက်ခဲ့သဖြင့် လူ ၁၂ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရနှင့် စစ်သွေးကြွများ ငြိမ်းချမ်းရေးဆွေးနွေးမှုအစီအစဉ် ပျက်ပြားခဲ့ပြီးနောက် အစိုးရစစ်ဘက်တပ်ဖွဲ့ဝင်များက ဖော်ပြပါ မြို့အနီးရှိ စစ်သွေးကြွများ ပုန်းအောင်းရာနေရာများကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဖုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ ယင်းနောက် နှစ်သစ်ကူးရက်တွင် ယခုကဲ့သို့ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သေနတ်သမားများက မြို့တွင်းသို့ နေရာအနှံ့မှ ဝင်ရောက်လာခဲ့ပြီး နေရာအများစုကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပို့ဟာကုတ်ရှိ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အီရီဂျူဘာရာဆူဝါက ပြောကြားသည်။

ပို့ဟာကုတ်ရှိ ရဲဌာနနှစ်ခုမှ ရဲအရာရှိလေးဦး သေဆုံးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သေနတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်စဉ်အတွင်း အရပ်သားခုနစ်ဦး သေဆုံးခဲ့ပြီး ဟိုတယ်မှ လုံခြုံရေးအစောင့် တစ်ဦးလည်း သေဆုံးခဲ့သည်။ ဟိုတယ်တွင်တိုက်ခိုက်မှုဖြစ်ပွားစဉ် အရပ်သား အများအပြား ဒဏ်ရာရရှိခဲ့ပြီး သေနတ်သမားများက ညကပွဲရုံကိုလည်း တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

မက်သနောရောထားသည့်အရက် သောက်သုံးမှုကြောင့် မွန်ဂိုလီးယားတွင် ၁၁ဦးသေဆုံး၊ ၄၁ဦး ဆေးရုံတင်ထားရ

အူလန်ဘာတော ဇန်နဝါရီ ၄

မွန်ဂိုလီးယားနိုင်ငံ၏ မြို့တော် အူလန်ဘာတောတွင် နှစ်သစ်ကူး ရက်အားတွင်ပြည်တွင်း၌ချက်လုပ်သည့် မသန့်စင်သော အရက်သောက်သုံးမှုကြောင့် ၁၁ ဦး သေဆုံးပြီး ၄၁ ဦးကို ဆေးရုံတင်ထားရကြောင်း ဒုတိယဝန်ကြီးချုပ် မီရီးဂွမ်မိုအင့်ဘိုးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မက်သနောရောထားသည့် အဆိုပါ အရက်သောက်သုံးမှုကြောင့် အဆိပ်သင့်ပြီး ၄၁ ဦး ဆေးရုံသို့ တင်ထားရပြီး သုံးဦး၏ ကျန်းမာရေးအခြေအနေသည် အလွန်ဆိုးရွားသည်ဟု အင့်ဘိုးကပြောကြားသည်။ မွန်ဂိုလီးယားအစိုးရက အရက်ချက်သည့် စက်ရုံကို ပိတ်ထားပြီး ဖော်ပြပါဖြစ်ရပ်ပေါ်ပေါက်ခဲ့သော ဘာဂန်နူခရိုင်အတွင်း အရက်မရောင်းချရန် တားမြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

၂၀၀၇ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂဝန်ထမ်းများ အများဆုံးသေဆုံးရ

ကုလသမဂ္ဂ ဇန်နဝါရီ ၄

အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂအမှုထမ်းများဖြစ်သည့် အရပ်သားအမှုထမ်း ၃၃ ဦးနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ကြောင်း၊ ယင်းနှစ်သည် ကုလသမဂ္ဂအမှုထမ်း အသေအပျောက်အများဆုံးနှစ်ဖြစ်ကြောင်း ကမ္ဘာ့ဝန်ထမ်းများသမဂ္ဂကဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် အယ်လ်ဂျီးရီးယားနိုင်ငံရှိ ကုလသမဂ္ဂရုံးကို ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အယ်လ်ဂျီးရီးယား ၁၄ ဦးနှင့် ကုလသမဂ္ဂဝန်ထမ်း ၁၇ဦး အပါအဝင် ၃၇ ဦး သေဆုံးခဲ့သည်။ဇွန် ၂၄ ရက်ကလက်ဘနွန်နိုင်ငံ တောင်ဘက် ကီရမ်မြို့အနီးတွင် ဗုံးပေါက်ကွဲမှုကြောင့်ကုလသမဂ္ဂတပ်ဖွဲ့ဝင် စပိန်လူမျိုးသုံးဦးနှင့် ကိုလံဘီယာလူမျိုးသုံးဦး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်၊ ချဒ်၊ ဆူဒန်၊ ယူဂန်ဒါ နှင့် ဂါဇာကမ်းမြောင် ဒေသတို့တွင် ဝန်ထမ်းအသေအပျောက်မှုများ ဖြစ်ပွားခဲ့သည်။ *အမ်အင်အေ၊ရိုက်တာ။*

ထိုင်းရွေးကောက်ပွဲ အနိုင်ရ ပီပီပီပါတီ အခြေအနေ အကျပ်အတည်းနှင့် ရင်ဆိုင်နေရ

ဗန်ကောက် ဇန်နဝါရီ ၅

ဒီဇင်ဘာလ၌ ပြုလုပ်ပြီးစီးခဲ့သည့် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ပီပီပီပါတီသည် အစိုးရဖွဲ့နိုင်သည့် အခြေအနေ ရောက်ရှိလုနီးပါးအထိ အနိုင်ရရှိခဲ့သည်။ ယခုအခါ ထိုရွေးကောက်ပွဲအနိုင်ရပါတီမှ အမတ်အများအပြားသည် မဲလိမ်သည်ဆိုသော စွဲချက်များဖြင့် ရင်ဆိုင်နေရသည်။

ပြည်သူ့အာဏာရပါတီ(ပီပီပီ)မှ အမတ်သုံးဦးမှာ မဲလိမ်သည်ဆိုသော စွဲချက်ဖြင့် အရေးယူခံနေရပြီဖြစ်သည်။ ၎င်းတို့အနက် အချို့သို့မဟုတ် အားလုံး၏ မဲအနိုင်ရရှိမှုသည် တရားမဝင်ပျက်ပြယ်သည်ဟု ကြေညာခံရမည့် အခြေအနေရှိသည်။

မဲလိမ်သည်ဟု စွပ်စွဲခံရသည့် အမတ် ၈၃ဦးရှိသည့်အနက် အမတ် ၆၅ဦးသည် ပီပီပီပါတီမှဖြစ်သည်။ အကယ်၍သာ ပီပီပီပါတီ၏အမတ်နေရာ ၂၀မှ ၃၀အထိသာ တရားမဝင် ပျက်ပြယ်ကြောင်း သတ်မှတ်ခံရပါက ထိုင်းရွေးကောက်ပွဲ၏ ရလဒ်သည် ပြောင်းပြန်ဖြစ်သွားနိုင်ကြောင်း မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ ထိုင်းနိုင်ငံရေးသုတေသီ ကီဗင်ဟွေဆင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၍ ကမ္ဘောဒီးယား၌ ယမန်နှစ်က ၄၀၇ဦးသေဆုံး

ဖနောင်းပင် ဇန်နဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံတွင်လွန်ခဲ့သည့်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သဖြင့် ၄၀၇ဦးသေဆုံးခဲ့ရသည့်အနက် အများစုမှာကလေးငယ်များဖြစ်သည်။ ယခုရောဂါ ဖြစ်ပွားမှုသည် ဆယ်နှစ်စုတစ်စုနီးပါးအတွင်းသေဆုံးသူဦးရေအများဆုံးဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ယင်းရောဂါဖြစ်ပွားလျှင် အဖျားတက်၊ ခေါင်းကိုက်၊ ကြွက်သား အပြင်းအထန်နာခြင်းနှင့် အရိုးအဆစ်များ ကိုက်ခဲခြင်း ဝေဒနာခံစားရသည်။ လွန်ခဲ့သည့်မေလက ယင်းသွေးလွန်တုပ်ကွေး ရောဂါပထမဆုံးအကြိမ်စတင်ဖြစ်ပွားခဲ့ပြီး လူ ၄၀,၀၀၀ခန့်ကူးစက်ခဲ့သည်ဟု သွေးလွန်တုပ်ကွေး တိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ငန်ချမ်သာကသောကြာနေ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အထက(၂)ပုသိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဇရာဝတီတိုင်း ပုသိမ်မြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း (ယခင်နေရှင်နယ်အမျိုးသားကျောင်း)၌ စစ်ကြိုခေတ်မှစတင်၍ ၂၀၀၈ခုနှစ်အထိ အငြိမ်းစားယူခဲ့ကြသော ဆရာ၊ ဆရာမများအား ၂၀၀၈ခုနှစ် ဧပြီလတွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့် ပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးအောင်ခ (နောင်ရိုးစားသောက်ဆိုင်) ဖုန်း-၀၄၂-၂၅၄၆၉၊ ဦးချစ်လွင် (ကျောင်းအုပ်ကြီး) ဖုန်း-၀၄၂-၂၄၅၆၅၊ ဦးလှအောင် ဖုန်း-၀၄၂-၂၅၃၂၀၊ ဦးသန်းမြင့် ဖုန်း-၀၄၂-၂၅၇၈၅၊ ဒေါ်ခင်ခင်ဝင်း (ပုသိမ်တက္ကသိုလ်) ဖုန်း ၀၄၂-၂၂၄၆၀နှင့် ဒေါ်မယ်အေး (ဆက်သွယ်ရေး) ဖုန်း-၀၄၂-၂၃၇၇၇ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးဝမ်းမြောက် ကြည်ညို လေးစား ပူဇော်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၏ အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၀၈ ဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သံဃာ့နာယကဥက္ကဋ္ဌပဏ္ဍိတာရာမကျောင်းတိုက်၏ ပဓာနနာယကဆရာတော် **"ဘဒ္ဒန္တကေလာသ"** အား **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တော်နှင့် ပဲခူးတိုင်း ပဲခူးမြို့ ကျောက်တွင်းကုန်းသိပ္ပံကျောင်းတိုက် ပဓာန နာယကဆရာတော် **" ဘဒ္ဒန္တဝိသုဒ္ဓသိရီ"** အား **"မဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တို့ကို နိုင်ငံတော်မှ အသီးသီးချီးမြှင့်အပ်နှင်းလှူဒါန်းခြင်းခံရသည့်အတွက် **အထူးဝမ်းမြောက်ကြည်ညို** ၍ ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်နှင့် သီတဂူဆရာတော်တို့၏ အဓိဋ္ဌာန်အတိုင်း မြတ်ဗုဒ္ဓသာသနာတော်အား အစဉ်ထွန်းလင်းတောက်ပ၍ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းများဖြင့် **လေးစား ပူဇော်** ပါသည်ဘုရား . . .

(ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်၏ အဓိဋ္ဌာန်)

လူနတ်ပြဟ္မာ သတ္တဝါတို့ များစွာကျိုးရ
ချမ်းသာလှသည့် ဗုဒ္ဓမြတ်စွာ သာသနာသည်
ရှည်ကြာတည်တံ့ ရှည်ခိုင်ခံ့၍ ပျံ့နှံ့တိုးပွား
ကျင့်သူများလျက် ရငြားချမ်းသာ ချမ်းမြေ့သာအောင်
ညီညာတို့များ တာဝန်ထား ကြိုးစားကြပါစို့။

(ကျေးဇူးတော်ရှင် သီတဂူဆရာတော် ၏ အဓိဋ္ဌာန်)

ငါတို့ဖြစ်ရ ဤလောကဝယ်
ဘဝသမိုင်း မရိုင်းစေရန်
စိတ်မာန်မချ မာနမပါ
တို့စွမ်းရာဖြင့် တို့သာသနာ
တို့ပြည်ရွာကို သာယာစေမှု လုံ့လပြုအံ့။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ - သီရိသုဓမ္မမဏိဇောတဓရချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ်)
ဇနီး သီရိသုဓမ္မသိင်္ဂီသီတဂူဒေါ်အေးသိန်း (မိဘရိပ်ကုမ္ပဏီလီမိတက် - မိဘရိပ်သစ်စက်) မိသားစု

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၏ အမိန့်ကြော်ငြာစာအမှတ်- ၁/၂၀၀၈ ဖြင့် **" သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း "** အား **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံ့အကျိုး၊ သာသနာတော် အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးထွန်းသာ+ဒေါ်ယဉ်သန်း
ဒေါက်တာနေဇင်လတ်+ဒေါ်ခင်စန်း
(Ambo Co., Ltd.)
ဦးပြည်စိုး+ဒေါ်ထိုက်ထိုက်ဖြိုး
(Grand City Trading Co., Ltd.)

ဦးသောင်းကြိုင် (ညွှန်ကြားရေးမှူး၊ ရေကြောင်းဦးစီးဌာန) + ဒေါ်အေးအေးသန်း
ဦးမောင်မောင်လွင်+ဒေါ်သိမ့်သိမ့်စိုး (တော်ဝင်စတိုး)
ဒေါက်တာမောင်မောင်မြင့်
(San & Sun Co., Ltd.)

● မျှော်စင်ကျွန်းမှ

ယမန်နေ့ ညနေ ၆နာရီက ကရဝိက်ဥယျာဉ်ကမ္ဘာရှိ မျှော်စင်ကျွန်းတွင် ကျင်းပရာ အယ်ထီးကော် (K.L.N)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်သွားသည်။ ယခု စိန်ခေါ်ပွဲ တွင် ပွဲစဉ်ကိုးပွဲ ကျင်းပခဲ့ရာ လေးပွဲသာ အရှုံးအနိုင်ပေါ်ခဲ့ပြီး ငါးပွဲသရေကျသွားသည်။

လေးချီစိန်ခေါ်ပွဲ

လေးချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် လူငယ်မျိုးဆက်သစ် လက်ဝှေ့ အားကစားသမားများအဖြစ်သိုးထိန်း(မြန်မာပြည်သား) နှင့် လှစ်လှစ်လေး (သူရဲကောင်း) တို့ ယှဉ်ပြိုင်ကြသည်။ လူငယ်လက်ဝှေ့ကစားသမားများ ဖြစ်သည်နှင့်အညီ သူတင်ကိုယ်တင်ထိုးသတ်ကြသည်။လူငယ်လက်ဝှေ့သမားများဖြစ်၍ ပညာမစုံလင်သေးသော်လည်း အားကြိုးမာန်တက် ထိုးသတ်ခဲ့၍ ပရိသတ်အားပေးမှုကို ရခဲ့သော ပွဲဖြစ်သည်။ ပွဲမှာမူ သရေဖြင့် အဆုံးသတ်ခဲ့သည်။ သိန်းဇံ (ရက္ခဗျာလ)နှင့် ဒိုးလုံး(မထိလာ) တို့ပွဲတွင် ဒုတိယ အချီ ၂ မိနစ် ၁၈ စက္ကန့်တွင် သိန်းဇံက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမအချီတွင် သူတင်ကိုယ်တင် ထိုးသတ်နိုင်သော်လည်း ဒုတိယအချီတွင် သိန်းဇံက လက်ရည်အသာဖြင့် ထိုးသတ်လာနိုင်သည်။ သိန်းဇံက တံတောင်၊ ထောင်း၊ ဒူးတိုက်ဖြင့် တရစပ်ဖိထိုးရာ ဒိုးလုံး အမှတ်စဉ်သုံးကြိမ်ရေတွက်ခံရ သဖြင့် သိန်းဇံ အနိုင်ရရှိသွားသည်။ ဂျွန်မင်း(ရက္ခဗျာလ)နှင့် ရန်ကုန်သား(ရန်ကုန်)တို့ပွဲတွင် ဂျွန်မင်းက ပထမအချီ ၅၇စက္ကန့်မှာပင် ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းသွားသည်။ ပွဲမစခင် ကတည်းက ယုံကြည်ချက်အပြည့်ဖြင့် ရန်ကုန်သားကို စိန်ခေါ်ကာ ထိုးသတ်ခဲ့သော ဂျွန်မင်းမှာ ပထမအချီကတည်းက လက်ရည်အသာရကာ အနိုင်ရခဲ့ခြင်းဖြစ် သည်။

သရေကျ

မင်းမင်း(ရန်ကုန်)နှင့် သံလွင်အောင် (K.L.N) တို့ပွဲတွင်မှု အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ သံလွင်အောင်က အတင်းဝင် အတင်းထိုးသော်လည်း မင်းမင်းက ချက်ကောင်းစောင့်၍ ထိုးသည်။ စတုတ္ထအချီတွင် မင်းမင်း၏ လက်သီးချက်များကြောင့် သံလွင်အောင် ခေါင်းကွဲသွားသော်လည်း အသည်းမာသူပီပီ ပွဲအပြီးထိ ထိုးသတ်သွားနိုင်၍ သရေကျသွားခြင်းဖြစ်သည်။ သားသား (K.L.N) နှင့် ဇသုံပန်ဆတ် (မြန်မာပြည်သား) တို့ပွဲမှာ ပရိသတ်အကြိုက်တွေ့သော ပွဲဖြစ်သည်။ သားသားက လက်သီး၊ ခြေ တရစပ်ပစ်သွင်းရာ ဇသုံပန်ဆတ် ကြမ်းပြင်နှင့် မကြာခဏ ထိတွေ့ခဲ့ရသော်လည်း ဇသုံပန်ဆတ်ကလည်း ခေသူမဟုတ်။ ပြန်ခံထိုးသောကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာသည်။ သားသား၏ ထိုးချက်၊ ကန်ချက်တွေကို ဆက်တိုက်ခံရသည့် ဇသုံပန်ဆတ်မှာ စတုတ္ထအချီ ၂မိနစ် ၃၁စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

ဘတစ်ပြန်ကျားတစ်ပြန်

ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် ပြည်နယ်နှင့်တိုင်း ရွှေဆုရှင် ဖွဲ့သတ္တိ(သူရဲကောင်း)တို့ပွဲကား ဘတစ်ပြန်ကျားတစ်ပြန်ရှိလှသည်။ ရွှေခါးပတ်ဆုရှင် စိုးမိုးဟိန်းမှာ ၎င်းအားသန်သည့် ဒူးပျံကိုအားပြု၍ လက်သီးများရံပြီးထိုးရာ ပထမအချီမှာပင် ဖွဲ့သတ္တိအနားတောင်းရသည်။ ဖွဲ့သတ္တိကလည်း တစ်ချက်ကောင်းစောင့်၍ထိုးရာ စိုးမိုးဟိန်းကို ပြန်ထိသည်။ စတုတ္ထအချီတွင် စိုးမိုးဟိန်း၏ ဒူးတိုက်ချက်၊ လက်သီးချက်များ အကြိမ်ကြိမ် ပစ်သွင်းခံရသောကြောင့် ဖွဲ့သတ္တိ မှူးပြီး ယိုင်လာသည်။ ၁မိနစ်၊ စက္ကန့် ၄၀တွင် စိုးမိုးဟိန်းက ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ရသွားသည်။ စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့်သိုးကောင်း (မြန်မာပြည်သား)တို့ပွဲမှာ အရှုံးအနိုင် မပေါ်ဘဲ သရေကျသွားသည်။ ပြီးခဲ့သည့်ရွှေခါးပတ်လုပွဲတွင် အနိုင်ရရှိခဲ့သော စစ်သွေးမှာ ယခုတစ်ကြိမ်တွင်မူ အနိုင်မယူနိုင်ခဲ့ပေ။ စစ်သွေးက ထုံးစံအတိုင်း အတင်းဝင်၊ အတင်းထွက် ထိုးသလို သိုးကောင်းကလည်း ရဲရဲဝံ့ဝံ့ ပြန်ရင်ဆိုင်သည်။ စစ်သွေးနှင့် သိုးကောင်းတို့၏ ပွဲမှာ ရွှေခါးပတ်လုပွဲတွင် တွေ့ဆုံစဉ်ကလောက် ပွဲမကောင်းတော့ဘဲ သရေဖြင့် အဆုံးသတ်သွားသည်။

စိန်ခေါ်ပွဲ၏ အဓိကပွဲစဉ်ဖြစ်သည့် အယ်ထီးကော် (K.L.N) နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့၏ ပွဲမှာလည်း အနိုင်အရှုံး မပေါ်ဘဲ သရေပွဲသာ ဖြစ်ခဲ့ပြန်သည်။ ရန်ကြီးအောင်က ခြေကန်ချက်ကိုအားပြု၍ ပွဲသိမ်းဖို့ကြိုးစားသော်လည်း သမ္ဘာရှိသူ အယ်ထီးကော်က ပွဲကိုထိန်း၍ ထိုးသွားသည်။ အယ်ထီးကော်က တစ်ချက်ကောင်းစောင့်၍ ပြန်ထိုးသည်။ နှစ်ဦးစလုံး အလစ်အငိုက်စောင့်၍ ထိုးနေသောကြောင့် ပရိသတ်အားမလို အားမရ ဖြစ်ခဲ့ရသည်။

အမျိုးသမီး ပွဲ စဉ် တွင် သံရိုင်းမနှင့် စုလှိုင်ဦး တို့ ၏ အ ကြိတ် အနယ် ယှဉ် ပြိုင်ဟန်။
(ကြေးမုံ)

အမျိုးသမီးပွဲစဉ်

အမျိုးသား ပွဲစဉ်များတွင် အားမလိုအားမရ ဖြစ်ခဲ့သော ရိုးရာလက်ဝှေ့ပရိသတ်များသည် သံရိုင်းမ (မြန်မာပြည်သား)နှင့် စုလှိုင်ဦး (ပတ်မစိန်) တို့၏ အမျိုးသမီးပွဲစဉ်တွင် လက်ခုပ်သံများဆူညံလာသည်။ ပထမအချီစကတည်းက နှစ်ဦးစလုံး မရှောင်မတိမ်း ရင်ဆိုင်တွေ့ကြသည်။ လက်သီး၊ ခြေ၊ ဒူး ပညာစုံသုံး၍ ထိုးသတ်ကြရာ သံရိုင်းမရော စုလှိုင်ဦးပါ အထိနာကြသည်။ စတုတ္ထအချီတွင် သံရိုင်းမ၏ နှစ်ဆင့်ဆက်တိုက် လက်သီးကြောင့် စုလှိုင်ဦး အနားတောင်းရသည်။ ငါးချီပြည့်သည်အထိ အလဲမထိုးနိုင်၍ သရေပွဲဖြင့် အဆုံးသတ်သွားသည်။

(ကြေးမုံ)



ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေ ဘောလုံးပြိုင်ပွဲ ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ရက်အစား ဇန်နဝါရီ ၁၃ရက်တွင် ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလက(၁)မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

အလက(၁)မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာ သင်ကြား ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများမှ (၁၉၆၀ခုမှ ၂၀၀၇အထိ) တာဝန်ထမ်းဆောင် ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (ပြည်ထောင်စုနေ့) ၁၂-၂-၂၀၀၈ နေ့ နံနက် ၉နာရီတွင် အထက်ပါကျောင်း ၄ဝါခန်းမဆောင်၌ ပူဇော်ကန်တော့ကြမည် ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ဦးသန်းထွန်းတင့် ကျောင်းဖုန်း- ၆၉၉၃၆၃၊ ဦးခင်ဇော် ဖုန်း- ၀၉၅၁၆၂၁၄၁၊ ဦးစံအေး ဖုန်း- ၆၉၉၄၄၁၊ ကိုဝင်းဗိုလ် ဖုန်း- ၀၉၅၁၈၀၉၈၅၊ မမြင့်မြင့်ချို ဖုန်း- ၀၉၅၀၀၆၄၃၃၊ မချောရတနာသန်း ဖုန်း-၇၀၄၂၁၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

ခင်သီတာအုန်း အဆင့်မြင့်ဖက်ရှင်နှင့် စက်ချုပ်သင်တန်းမှ နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

KHIN THIDA OHN FASHION

ခင်သီတာအုန်းမှ တာဝန်ယူချုပ်လုပ်ပေးသော ဖက်ရှင်ဒီဇိုင်းများကို **နှစ်ပေါင်း(၂၀)** စိတ်ချယုံကြည်စွာ အပ်နှံအားပေးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ **၂၀၀၁ မှ ၂၀၀၈** အထိ ဖွင့်လှစ်သစ်ကြားပို့ချခဲ့သော အဆင့်မြင့်စက်ချုပ်သင်တန်းအား တက်ရောက်သင်ကြားခဲ့ကြသည့် အနယ်နယ်အရပ်ရပ်နှင့် ရန်ကုန်မြို့တွင်းမှ သင်တန်းသူ သင်တန်းသား **၂၀၁၉** ဦးတို့သည် **၂၀၀၈** ခုနှစ်၊ နှစ်သစ်ကူးမှစ၍ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်အတူ ကိုယ်ပိုင်ယုံကြည်ချက် အပြည့်အဝနှင့် လောကကြီးမှာ ရပ်တည်ရင်း မင်္ဂလာအပေါင်းပြည့်စုံ ပျော်ရွှင်ချမ်းမြေ့ကြစေကြောင်းကို ခင်သီတာအုန်း အဆင့်မြင့်ဖက်ရှင်နှင့် စက်ချုပ်သင်တန်းမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ခင်သီတာအုန်း အဆင့်မြင့်ဖက်ရှင်နှင့်စက်ချုပ်သင်တန်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီဝင်း ပထမဆုရ ကလေးငယ်အား ဆုချီးမြှင့်စဉ်။

(မြို့နယ်မိခင်/ကလေး)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၄)ရပ်ကွက်တွင် ဒီဇင်ဘာ ၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ၊ မီးသတ်ဆေးဘူး၊ မီးသတ်ဝတ်စုံ ပေးအပ်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မီးသတ်တပ်ခွဲမှူး ဦးခင်မောင်လတ်အား မီးသတ်ဝတ်စုံ၊ မီးသတ်ဆေးဘူးများ ပေးအပ်စဉ်။

(ပြန်/ဆက်)

မန္တလေးမြို့မလွန်ဈေးဆန်လှူအသင်းကြီး၏(၁၁၂)နှစ်မြောက်နှိုးဆော်လွှာ

အသင်းဖွဲ့စည်းခွင့်အမှတ်(၁၂၅၃)

မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး၏ (၁၁၂)နှစ်မြောက် မဟာသံဃိတဏ္ဍုလ ဆွမ်းဆန်တော်များ ပိုမိုလှူဒါန်းနိုင်ရန်အတွက် အသင်းကြီး၏အမှုဆောင်အဖွဲ့ဝင်များသည် **မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်**များရှိ သင်းထောက်အဖွဲ့အစည်းများထံ ၈–၁–၂၀၀၈မှ ၄–၂–၂၀၀၈အထိ ခရီးစဉ်ကြီး လှည့်လည်အလှူခံမည် ဖြစ်ပါသည်။

ရန်ကုန်မြို့မတွင် ၁၄–၁–၂၀၀၈ မှ ၁၈–၁–၂၀၀၈ထိ (၅)ရက်၊ ၂၇–၁–၂၀၀၈ မှ ၃၀–၁–၂၀၀၈ ထိ (၄)ရက်များတွင် ကုသိုလ်ရှင်များထံ အလှူခံလာရောက်မည် ဖြစ်ပါသည်။ ပေးပို့လှူဒါန်းကြသော ဆွမ်းဆန်တော်အိတ်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာနတို့မှ ဆွမ်းဆန်အိတ်များကို ပို့ဆောင်ခတစ်ဝက်နှုန်းထားဖြင့် **နိုင်ငံတော်အစိုးရ**မှ ကုသိုလ်ပြုပါသည်။

အမှုဆောင်အဖွဲ့၊ မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေး၊ ဖုန်း–၀၁–၅၃၆၇၃၅၊ ၀၂–၃၉၂၄၀

ချစ်ဇနီး 'ဝေ'အတွက် 'ရွှေရတု'အမှတ်တရ

၆–၁–၂၀၀၈ရက်နေ့တွင် ကျရောက်သော ဒေါ်ကြည်ကြည်ဝေ 'ချစ်ဇနီးဝေ'၏ 'နှစ်၅၀ပြည့်' ရွှေရတုမွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာသို့တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်–

ချစ်ခင်ပွန်း – ဦးအင့်လွင် (အောင်သစ္စာသစ်စက်၊ပဲခူးမြို့)
ချစ်သမီး – သဲဝေလွင်(ခ)သဲပို M.C.Sc.(UCSY)
ချစ်သား – ရာဇာဝေလွင် B.Sc(Phy)
– သက်စုမွန် 3rd (Arch:)

မဂ်လာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိဂ်ီလမ်းနေ ဦးအောင်လင်း(ဆရာခိုအနာလိမ်းဆေး)–ဒေါ်ခင်သန်းနွဲ့(ဓာခံဓ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏သားငယ်

မောင်အောင်ကျော်ဆန်း 2nd Year (Eco)

Diploma in E.C

(Marketing Manager) HSA JA KHOU & DO: DAN DA OINTMENT

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်းနေ ဦးသန်းစိုး–ဒေါ်နွဲ့နွဲ့ငွေတို့၏သမီးကြီး

မအိဖြူစိုး B.Sc(Botany)

HELLO! Fashion Shop(Yuzana Plaza)

တို့၏ ၃၁–၁၂–၂၀၀၇ ရက်နေ့တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)နှင့်ဇနီး ဒေါက်တာသီသီအေး(အထွေထွေရောဂါရှာဖွေရေး)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဦးကိုကိုထွေး (လူမှုထူးချွန် ပထမဆင့်) ဥက္ကဋ္ဌ တော်ဝင်မိသားစုကုမ္ပဏီနှင့်ဇနီး သီရိသုမေ္ဘသီဂ်ီ ဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဆရာဦးသက်အောင်(နည်းပြချုပ်) မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်အဖွဲ့ဝင်(ဥပဒေအကြံပေး)နှင့် ဇနီး ဒေါ်မြတ်ကေသီအောင် (အိမ်ဖြူတော်မင်္ဂလာခန်းမနှင့်စီးပွားရေးလုပ်ငန်းစု)တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် The Aces တေးဂီတအဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဓာတ်ပုံ ဝဏ္ဏစွာနီးနှင့်အဖွဲ့၊ မိတ်ကပ်နှင့်မင်္ဂလာဝတ်စုံ ခင်စန်းဝင်းနှင့် မိတ်ကပ် ကိုမာအဖွဲ့၊ မိုးပျံရောင်စုံဘောလုံးများ အလှဆင်ပေးသော Eternal Floral Service၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မအေးချမ်းမြေ့ ပန်းမိုးအောင်၊ မင်္ဂလာပန်းကြဲပေးသော မထက်ဝေဝေလွင်၊ မင်္ဂလာပန်းနှင့်လက်စွပ်ကိုင်ဆောင်ပေးသော မအေးဖြူမောင်မောင်နှင့် မခိုင်ဦးဇော်၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော မောင်သန်းထွန်းနှင့် မောင်ဇော်မင်းဒင်၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မဖြူစင်မင်းဦးနှင့် မမေသူထက်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်၍လည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်ဆန်း–မအိဖြူစိုး

မီးဘေးရှောင် မလောင်ခင်တား

ရောင်းမည်

၁၂၀ပေ x ၆၀ပေပေါ်တွင် လူ(၄၀)ဆန့် RCနှစ်ထပ် အခန်း(၂၀)ပါနှင့် (၄)ယူနစ် RC နှစ်ထပ်အိမ် တစ်လုံး ပါဝါမီတာ၊ ဖုန်းပါ၊ ဒဂုံတက္ကသိုလ်အနီး။ **ဆက်သွယ်ရန်–**
ဖုန်း–၅၈၄၃၆၂၊ ၀၉၅၀၂၁၅၅၈

မွေးနေ့ဆုတောင်း

၆–၁–၂၀၀၈ နေ့တွင်ကျရောက်သော ချစ်ဇနီး **မမဥ္ဇူထွေး** ၏ ၃၀နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်တစ်ရာကျော်တိုင် ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့သာယာစွာ ဖြတ်သန်းနိုင်ပါစေ။

ချစ်ခင်ပွန်း ကိုကြည်လွင်

လူပျောက်

အထက်ပါ ဓာတ်ပုံရှင် မစန္ဒာဒေဝီ အဖ–ဦးချစ်ဝင်း၊ အမိ–ဒေါ်အေးမွန် (၉)နှစ်သည် ၂၇–၁၂–၂၀၀၇ရက်နေ့ ညနေ ကျောင်းရှေ့တွင် ကစားနေရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရထိရောက်စွာအရေးယူမည်။

ဆရာကြီး–ဒေါ်ဥတ္တရာ
ဝိဝေကာရာမမွန်ကျောင်း
ဇောတိက(၁)လမ်း၊ကျောက်ရေတွင်းရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း–၅၅၄၆၈၆၊၆၅၃၂၈၃၊၀၉၉၉၂၁၆၄၉

ဦးရာလှူရမည်

စက်ရုံသုံး Bartack ရောင်းရန်ရှိသည်။

ဖုန်း–၀၉–၅၁၂၂၅၁၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇော်မင်းသန့်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/မဂတ(နိုင်)၀၈၂၃၄]နှင့် ယာဉ်မောင်းလိုင်စင်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ကိုဇော်မင်းသန့် ဖုန်း–၅၁၉၆၉၅၊၅၁၉၇၂၁

ရန်ကုန်မြို့အတွင်း တောင်မြေကြီး

(၁၄ပေ) ဒိုင်နာနှင့်ရမည်။

ဖုန်း – ၀၉၅၀၀ ၃၁၂၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ မြေ Sq.ft ၄၀၀၀ ကျော် (ညိုနှိုင်းဈေး) ရွှေပုဇွန်အရှေ့ (သာကေတ)
၂။ ၅၅လက်မ PHILIPS (၁လုံး) Projection Television (အိမ်သုံး)

ဖုန်း– ၀၉–၅၀၀၁၆၉၁

English classes (4:00 - 7:00 PM)

Mon	Tue	Wed	Thu	Fri
Starters	Movers	Flyers	KET	PET

13/23 (F)၊ ရွှေဝါလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေ၊ (ကျိုက္ကဆံ စူပါဝမ်းအနောက်ဘက်သုံးခြံမြောက်) **Ph : 555448, 09 90 32278**

သားအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဦးကျော်ဖေ၊ ဒေါ်လှဝင်းတို့၏ သား မောင်ဟန်စိုးကျော် [၉/မနမ(နိုင်) ၁၀၆၉၁၉]သည် မိဘနှစ်ပါးနှင့် ဆွေမျိုးများအားလုံးတို့၏ ကိုယ်စိတ်နှစ်ပါးစလုံး ထိခိုက်အောင် ပြုမူဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် မိဘနှစ်ပါး၏နေအိမ်မှဆင်းသွားပြီးဖြစ်သည့်အတွက် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ မိဘနှစ်ပါးနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။) မိဘနှစ်ပါး၏လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အေးအေးရီ (LL.B)
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁/E) ဒုထပ်
၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း–၇၀၁၅၂၁၊ အိမ်ဖုန်း– ၂၀၂၉၈၁

၃–၁–၂၀၀၈နေ့တွင်ကြေးမုံသတင်းစာပါ

ဦးကျော်စွာထက်ဦး [၁၂/မဂဒ(နိုင်)၀၀၆၃၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးမြင့်ဦး၏ ကြော်ငြာချက်ပါဖော်ပြချက်များ

မမှန်ကြောင်းရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၆)၊ ဗဟိုလမ်းနေ ဦးမျိုးကျော်ဇော [၁၀/မလမ (နိုင်) ၀၀၀၄၀၇]၊ Dr. KMM Co., Ltd. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမျိုးကျော်ဇောနှင့် ဦးကျော်စွာထက်ဦးတို့သည် နှစ်ဦးသဘောတူအကျိုးတူ ပူးပေါင်းဆောင်ရွက်ပြီး စင်ကာပူနိုင်ငံမှ ပိုးသတ်ဆေးဖျန်းစက် [Super Hawk (or) Swing Fog]အလုံး၃၀ မှာယူတင်သွင်းရန် ဦးကျော်စွာထက်ဦးမှ ရှယ်ယာငွေကျပ် ၁၃၀၀၀၀၀(ကျပ်တစ်ဆယ့်သုံးသိန်းတိတိ)ကို ဦးမျိုးကျော်ဇောထံ ပေးအပ်ပြီးနောက် ထိုလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်နိုင်တော့ကြောင်း ဦးကျော်စွာထက်ဦးက ပြောဆိုလာသဖြင့် ၎င်းထည့်ဝင်ထားသော ရှယ်ယာငွေ ကျပ် ၁၃၀၀၀၀၀ (ကျပ်တစ်ဆယ့်သုံးသိန်းတိတိ)ကို ၁၅–၁၂–၂၀၀၇နေ့တွင် အပြီးပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်ပါလျက် ဦးမျိုးကျော်ဇော၏ ဂုဏ်သိက္ခာကျဆင်းအောင် မမှန်မကန် ကြေညာချက်အား ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။ ပျက်ကွက်ပါက ၎င်း၏မရိုးသားမှုအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမျိုးကျော်ဇော၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်အောင်ထွန်း
တရားရုံးချုပ်ရှေ့နေ
အမှတ်(၇၃)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

"တစ်ဦးတည်းအရောင်းကိုယ်စားလှယ်ဖြစ်ကြောင်းသတိပေးကြေညာချက်"

"KODAMA CHEMICAL INDUSTRY CO., LTD,1-12,UENO 1-CHOME, TAITO-KU, JAPAN 110-8508" သည် အောက်ပါကုန်အမှတ်တံဆိပ်၏ပိုင်ရှင်ဖြစ်ပြီး ယင်းကုမ္ပဏီ၏ ၁–၁–၂၀၀၇ ရက်စွဲပါ သဘောတူညီချက်အရ တစ်ဦးတည်းထုတ်လုပ်ခွင့်ရရှိထားသော "MAKE RICH LTD, Room 2010, Tsuen Wan Industrial Centre, 220-248, Twxaco Road, Tsuen Wan N.T, HONG KONG"ထံမှ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၄၈)တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော"CK CHIT KHIN ENTERPRISES LTD."က မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ် ရရှိထားပါသည်။

ECHOLAC®

"CK CHIT KHIN ENTERPRISES LTD."သည် အဆိုပါ "ECHOLAC" အမှတ်တံဆိပ်ပါ "BAGS, LUGGAGES, WALLETS, BELTS, HANDBAGS, ATTACHECASES & LEATHER GOODS တို့ကို တစ်ဦးတည်း မှာယူတင်သွင်းပြီး မြန်မာနိုင်ငံအတွင်း ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ "ECHOLAC" အမှတ်တံဆိပ်ပါပစ္စည်းများကို "CK CHIT KHIN ENTERPRISES LTD." သဘောတူညီချက်မရရှိဘဲ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အဆိုပါ "ECHOLAC" အမှတ်တံဆိပ်ကို ဆင်တူတုပ၍ဖြစ်စေ၊ ပုံတူကူး၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်(၃၀)၊ ပထမထပ်၊ (၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၉၆၁၃၂၊ ၂၉၈၅၄၁

မျက်မှန်နန်းတော်မှ မှန်လက်ဆောင်

မျက်မှန် ဝယ်ယူသည့်အခါ (Organic) မှန်တစ်စုံလက်ဆောင်ပေးမည်ဖြစ်ကြောင်း

အမှတ်–၃၄၈၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့၊ 09-51-81539

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ရေပန်းဥယျာဉ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် ရေပန်းဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသွားသော နေပြည်တော် ရေပန်းဥယျာဉ် (Water Fountain Garden) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ ရေပန်းဥယျာဉ်ရှိ မင်္ဂလာမုခ်ဦးနေရာ၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရ အဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ကြေးမုံ The Mirror **ယနေ့သတင်းအညွှန်း**

ထူးခြားဖြစ်စဉ်သတင်းများ
စာမျက်နှာ–၈

ထူးခြားဆန်းပြား
နိုင်ငံတကာသတင်းများ
စာမျက်နှာ–၈

ထိုင်းရွေးကောက်ပွဲအနိုင်ရ ပါတီ အကျပ်အတည်းနှင့် ရင်ဆိုင်နေရ
စာမျက်နှာ–၁၁

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ ရိုးရာလက်ဝှေ့ပွဲ အယ်ထီးကော်နှင့် ရန်ကြီးအောင် သရေပွဲဖြစ်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ T & T Group မှ တာဝန်ယူပြီး Myanmar Distribution Group (Calsome ကွေကာ)၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော "ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆)" မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●



ရန်ကြီးအောင်၏ ညာခြေကန်ချက် အယ်ထီးကော်၏ ဝမ်းဗိုက်ကို ထိသွားစဉ်။ (ကြေးမုံ)

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား